# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၄ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၂၃)


## နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၀ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာဗစ်တာ ယာနူကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၀ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီကိုလာ အဇာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

**မိမိတို့ပင်ပန်းကြီးစွာဖြင့် ရှာဖွေရရှိထားသော ငွေများကို စနစ်တကျသုံးစွဲပြီး ချွေတာစုဆောင်း၍ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပေါက်ခေါင်းမြို့နယ် ကင်ပွန်းခြံကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင်စောင့်ရှောက် လမ်းစီမံကိန်းလုပ်ငန်းများ တစ်ချိန်တည်းတစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျ စီမံဖော်ဆောင် အထွက်နှုန်းကောင်း စပါးမျိုးများဖြင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေး ပညာပေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဩဂုတ် ၂၁ရက် နံနက် ၇နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာလာပြီး ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●





ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူဖောက်လုပ်လျက်ရှိသည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း) လမ်းပိုင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်)

## သွေးလွန်တုပ်ကွေးရောဂါကင်းဝေးရေး စုပေါင်းကာကွယ်

လူတိုင်းအတွက် ကျန်းမာရေးသည် အရေးကြီးပေသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်ပေမည်။ အလုပ်လုပ်နိုင်မှ မိသားစုဘဝ တိုးတက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းကျန်းမာရေးအသိ အစဉ်ရှိရန် လိုအပ်သည်။ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် ထိရောက်မှုအရှိဆုံးဖြစ်သည်။

မိုးကာလသည် ခြင်ပေါက်ပွားမှု အများဆုံးဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားနိုင်သည့် အချိန်ကာလဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးပိုးရပ်စ်ပိုး သယ်ဆောင်လာသော ခြင်ကျား၊ ခြင်ပုန်းတို့ ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခံရသောရောဂါဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် များသောအားဖြင့် အသက် ၁၅နှစ်အောက်ကလေးများတွင် အဖြစ်များသော်လည်း ယခုအခါ အသက် ၁၅နှစ်အထက် လူငယ်၊ လူကြီးများလည်းဖြစ်လာခဲ့သည်။ ရောဂါပိုးသယ်ဆောင်လာသော ခြင်ပုန်း၊ ခြင်ကျားကိုက်ခြင်းကြောင့် ရောဂါကူးစက်ခံရပြီး ရုတ်တရက်ဖျားလာတတ်သည်။ နှစ်ရက်မှ ခုနစ်ရက်ခန့် ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိနောက်တွင် နာကျင်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းစသည့် လက္ခဏာများမှာ သာမန်သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ ဖြစ်သည်။ ဖျားနေလျက် ရုတ်တရက်အဖျားကျပြီး ခြေများလက်များအေးလျှင် သွေးလန့်သည့် လက္ခဏာဖြစ်ပြီး လူနာအတွက်အသက်အန္တရာယ်ရှိ၍ ဆေးရုံဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နည်းဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် ရောဂါမဖြစ်ပွားမီ ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းကို ပြည်သူလူထုအနေဖြင့် မိမိတို့ အိမ်တွင်းအိမ်ပြင်နှင့် အိမ်ပတ်ဝန်းကျင်တို့တွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့မှသာ သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးပြီး ကျန်းမာသောမိသားစုဘဝ၊ အလုပ်ခွင်၌ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝ၊ စီးပွားရေးလုပ်ငန်းများတွင် ဆတက်ထမ်းပိုး ကြိုးစားရှာဖွေနိုင်သော မိသားစုဘဝကို ရရှိပိုင်ဆိုင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၇)
၈း၃၅ 7 Golden Girls Live Show (Part-2)
၉း၂၅ ရဲတပ်ဖွဲ့ကိုဂုဏ်ပြုစေသား မိုးမြင့်ထက်မှလင်းယုန်များ
၉း၅၀ Cartoon Show Time (Ratatouille)
၁၀း၂၅ ပေတောမှ ပန်းကလေးများ တင့်ရွှန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့်မိုးစက်ရေ
၁၀း၄၀ အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့်အောင်စေတီတော်
၁၁း၀၅ Sports Diary
၁၁း၂၀ ခနရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၁၁း၂၅ Activities in the City MBA မိသားစု၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ
၁၁း၃၅ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
၁၁း၅၅ သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
၁၂း၂၀ HIV/ AIDS ရောဂါကာကွယ် တိုက်ဖျက်ရေး (အပိုင်း-၂) ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာ ခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်
၁၂း၄၅ တောင်ကြီးမြို့ရဲ့တုမရှိ လောကချမ်းသာစူဠာမုနိ
၁း၀၀ **တရားဦးခမ္မစကြာ** တရားတော် (အပိုင်း-၃) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ 2010 Summer Youth Olympics
၃း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့
၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၇)
၄း၁၀ တေးဂီတအစီအစဉ်
၄း၂၅ ပေတောမှပန်းကလေးများ တင့်ရွှန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့်မိုးစက်ရေ
၄း၄၅ ရဲတပ်ဖွဲ့ကိုဂုဏ်ပြုစေသား မိုးမြင့်ထက်မှလင်းယုန်များ
၅း၁၀ World of Knowledge (Smart Tunnel)
၆း၀၀ MRTV-4 သတင်း
၆း၂၀ Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၆း၄၀ 2010 Summer Youth Olympics
၇း၀၀ 7 Golden Girls Live Show (Part-2)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Cartoon Show Time (Ratatouille)
၉း၁၀ Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၇)
၁၀း၀၀ Sunday Talk
၁၀း၄၀ သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
၁၁း၀၀ Sports World
၁၁း၂၅ Activities in the City MBA မိသားစု၏ ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ
၁၁း၃၅ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)၏သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား
၁၁း၅၀ စားပွဲသဘင်ဖန်သားပြင် [စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)]
၁၂း၃၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ငါးသယံဇာတ ထိန်းသိမ်းရေး မင်းပြား၌ ငါးမျိုးစိုက်ထည့်

မင်းပြား ဩဂုတ် ၂၃

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မြို့နယ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးနှင့် ငါးမျိုးများပြန့်ပွားစေရေးအတွက် အဝကျေးရွာအုပ်စု မြောင်းချေဆည်အတွင်းသို့ ငါးမျိုးစိုက်လွှတ်ပွဲကို ဩဂုတ် ၁၆ရက် နံနက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးနေလင်းထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်တင်စောနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ရေလုပ်သားများက ငါးမြစ်ချင်း၊ ယိုးဒယားငါးခုံးမ၊ တီလားပီးယား ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ တို့ကို ဆည်အတွင်း မျိုးစိုက်လွှတ်ခဲ့ကြပြီး**(အောက်ပုံ)** တက်ရောက်လာသူများအား ငါးလုပ်ငန်းဦးစီးဌာနက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## တောင်ငူမြို့စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်မှု တိုင်းမှူးပိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းသည် ဩဂုတ် ၁၉ရက် နံနက်ပိုင်းက ကျွန်းစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းအတွင်း သီးညှပ်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူးသည် တောင်ငူမြို့နယ် ညောင်ပင်လှကျေးရွာ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဩဂုတ် ၂၀ရက်က ကေတုမတီဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ မန္တလေးမြို့မှ မြန်မာ့ရိုးရာခြင်းအလှခတ် အမျိုးသမီးလေးများ၏ ခြင်းအလှခတ် သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

### လက်ခံယူ

ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁) အမှတ် ၆၅နေ ကိုဇော်အောင်- ဒေါက်တာမြတ်မြတ်ဝင်းတို့က မင်္ဂလာဦးအလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာ ဒေါ်ကင်းအိမ်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)





### ကြည့်ရှုစစ်ဆေး

နေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ဇူလိုင် ၁၅ရက်က ပင်းတယမြို့ မြို့မစည်ပင်သာယာဈေးအတွင်းရှိ မီးသတ်ရေလှောင်ကန် ဆောင်ရွက်ထားရှိမှုနှင့် ရေဖြည့်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)



* *ကျောဖုံးမှ*

တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့စစ်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင် များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ မိသားစုများ တက်ရောက်ကြသည်။

**တပ်ဆင်**

အဆိုပါအခမ်းအနားကို အစီအစဉ် အတိုင်း ဆောင်ရွက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်သန်းစိုးနှင့် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင် ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

**ပေးအပ်**

ယင်းနောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူး က လက်ခံသည်။

ဆက်လက်၍ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံ ပြည်သူများနှင့် ပျော်ရွှင်စွာ စုပေါင်းကခုန် ဆင်နွှဲကြသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် တပ်ဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူ များအား တိုင်းမှူးက ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကာ ဒေသခံဒုံးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နယ်ခြားစောင့်တပ် ဖွင့်ပွဲ အထိမ်းအမှတ် နယ်ခြားစောင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့် အခမ်းအနားကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ထမ်းဆောင်ခွင့်**

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ နယ်ခြားစောင့်တပ်များအဖြစ် ဖွင့်လှစ်ပေး လိုက်ခြင်းကြောင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင် များသည် နယ်စပ်ဒေသများ ထာဝရတည်ငြိမ် အေးချမ်းစေရေးအတွက် ပြည်ထောင်စု စိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့် ရတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက် ရှိကြောင်း သိရှိရသည်။

အလားတူ ဒေသခံပြည်သူများအနေ ဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးလာစေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးတို့အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ် ဖြစ်ပေါ်လာမှုကို ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုအားပေး လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သား တစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။** (သတင်းစဉ်)



**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင် အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။** (သတင်းစဉ်)







**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင်များ နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ ဝင်များ၊ အကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

**ဂျပန်နိုင်ငံ တိုကျိုမြို့၌ကျင်းပမည့် အာရှသက်ငယ်တန်း လူငယ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် အားကစားအဖွဲ့၏ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမောင်မောင်ဆွေ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် နှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့မှ အားကစားသမားများအား ဩဂုတ် ၂၂ရက် ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။** (မြန်မာ့အလင်း)



# အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများ သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၃**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ အစီအစဉ်အရ ဖွင့်လှစ်သည့် အမျိုးသားအဆင့် အားကစားစီမံခန့်ခွဲသူများသင်တန်း(၂/၂၀၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သင်တန်းသား သင်တန်းသူများသည် သင်တန်းခန်းမ၌နေရာယူကြပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား တစ်ဦးချင်း မိတ်ဆက်ကြသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက် က သင်တန်းဖွင့်အမှာစကား ပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၃၅ဦး တက်ရောက်ကြပြီး ဩဂုတ် ၂၃ရက်မှ ၂၇ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# နေတိုးတပ်ဖွဲ့ဝင်များကြောင့် အရပ်သားများ သေဆုံးနေမှု

## စုံစမ်းစစ်ဆေးပေးရန် ပြည်သူများ တောင်းဆို

ကဘူးလ် ဩဂုတ် ၂၃

**အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးတပ်ဖွဲ့ဝင်များကြောင့် အရပ်သားများ သေဆုံးနေမှုများအပေါ် ပြည်သူများဆန္ဒပြခဲ့ကြသည်။ အဆိုပါဆန္ဒပြမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ ဘက်လန်-အီး-ဂျာဒစ်ခရိုင် လမ်းမများပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။**

နေတိုးတပ်ဖွဲ့ဝင်များက အဆိုပါဒေသ၌ အရပ်သားများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်နေကြောင်း ပြည်နယ်ဒုတိယအကြီးအကဲ အာဆာဒူလာ ရှာဘတ်က ဆင်ပွာသို့ ပြောကြားသည်။

**ပြောကြား**

နေတိုးတပ်ဖွဲ့ဝင်များက အဆိုပါဒေသရှိ နေအိမ်တစ်လုံးအတွင်း ဩဂုတ် ၂၂ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

လမ်းမများပေါ်တွင် ချီတက်ဆန္ဒပြနေသောပြည်သူများက နေတိုးဆန့်ကျင်ရေးကြွေးကြော်သံများ ကြွေးကြော်လျက် ဆန္ဒပြခဲ့ကြကြောင်း၊ အရပ်သားများသေဆုံးမှုအတွက် စုံစမ်းစစ်ဆေးပေးရန်လည်း တောင်းဆိုခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ပွာ**

# ကမ္ဘာပေါ်ရှိ နိုင်ငံ ၅၀ကျော်အတွက် လက်နက်များ တင်ပို့ရောင်းချနိုင်ဟု အီရန်ကြေညာ

တီဟီရန် ဩဂုတ် ၂၃

အီရန်နိုင်ငံ၏ တက်ကြွသောကာကွယ်ရေးလုပ်ငန်းက နိုင်ငံပေါင်း ၅၀ကျော်သို့ လက်နက်များ ဖြန့်ဖြူးရောင်းချနိုင်စွမ်းရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီက ထုတ်ဖော်ပြောကြားလိုက်သည်။

**ပြောကြား**

မျက်မှောက်ကာလတွင် လွတ်လပ်သည့် စက်မှုလုပ်ငန်းကိုအသုံးပြုပြီး မိမိတို့နိုင်ငံ၏ ပြည့်စုံသည့် ကာကွယ်ရေးလုပ်ငန်းက ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၅၀ကျော်အတွက် လက်နက်များ တင်ပို့ရောင်းချနိုင်စွမ်းရှိကြောင်း ကာကွယ်ရေးဝန်ကြီးဗာဟီဒီက အမျိုးသားကာကွယ်ရေးနေ့အကြိုကာလတွင် ပြောကြားလိုက်သည်။ အီရန်နိုင်ငံ၏ ဗျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့နေသည့်ကြားမှပင် အီရန်ကာကွယ်ရေးဝန်ကြီး ဗာဟီဒီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**




**မက္ကဆီကိုနိုင်ငံ တီဂျူနာမြို့မှ လာသော မော်တော်ယာဉ် သုံးစီးပေါ်မှ ဖမ်းဆီးရမိသော ဆေးခြောက်နှစ်တန်ကို စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင်

## အာဖဂန် ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

*ကဘူးလ် ဩဂုတ် ၂၃*

***အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံတကာတပ်ဖွဲ့ဝင်များက တာလီဘန်သူပုန်များအား ထိန်းချုပ်နိုင်ရန် စစ်ဆင်ရေးကို အရှိန်မြှင့်လုပ်ဆောင်နေချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ရဲစခန်းတစ်ခုတွင် ဩဂုတ် ၂၂ရက်က ပစ်ခတ် တိုက်ခိုက်ခံရပြီး ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*** *(အောက်ပုံ)*



*သေဆုံး*

*ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် အချင်းချင်းမှားယွင်းပစ်ခတ်၍ အာဖဂန်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။*

*ဖော်ပြ*

*၎င်းရဲတပ်ဖွဲ့ဝင် ခြောက်ဦးသည် ဟယ်လ်မန်ပြည်နယ် ဂရစ်ခရိုင်၌ သေနတ်ပစ်ခံရပြီး သေဆုံးခြင်းဖြစ်သည်။ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ (အင်တာနက်)*

# မနီလာမြို့လယ်ကောင်၌ ပြန်ပေးဆွဲမှု ဖြစ်ပွား ဟောင်ကောင်ခရီးသွား အချို့သေဆုံးခဲ့

## ပြန်ပေးဆွဲသူ ရဲအရာရှိဟောင်းအား ပစ်ခတ်ဖမ်းဆီးခဲ့ရ

မနီလာ ဩဂုတ် ၂၃

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့လယ်တွင် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ကမ္ဘာလှည့်ခရီးသည်ဘတ်စ်ကားတစ်စီး ပြန်ပေးဆွဲခံရပြီးနောက် ပစ်ခတ်မှုဖြစ်ပွားသဖြင့် ဟောင်ကောင်ခရီးသွားဧည့်သည်ခုနစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။** (အောက်ပုံ)

အဆိုပါ ပစ်ခတ်မှုကြောင့် ရှစ်ဦး ဒဏ်ရာရရှိပြီး ၎င်းတို့အနက် နှစ်ဦးမှာ စိုးရိမ်ရကြောင်း၊ ပြန်ပေးဆွဲသူမှာ ရဲအရာရှိဟောင်း ရိုလန်ဒိုမန်ဒိုဇာ ဖြစ်ကြောင်း၊ ၎င်းသည် အမ် ၁၆ ရိုင်ဖယ် သေနတ်ကိုင်ပြီး ပြန်ပေးဆွဲခဲ့ ခြင်းဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ရဲအဖွဲ့က ဓားစာခံများ လွတ်မြောက်ရေး အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် ရိုလန်ဒို မန်ဒိုဇာမှာ သေဆုံးခဲ့ရကြောင်း၊ ဒဏ်ရာရသူများအား မနီလာရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ထားရကြောင်း တာဝန်ရှိသူများက ပြောသည်။

ဩဂုတ် ၂၃ရက် ညပိုင်းတွင် ဟောင်ကောင်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာမည့် ဟောင်ကောင်ခရီးသွား ၂၁ဦး၏ မိသားစုဝင်များလည်း ပါဝင်ခဲ့ကြောင်း အစိုးရကြေညာချက်တွင် ဖော်ပြသည်။

ပြန်ပေးဆွဲခံရသည့် ကားပေါ်တွင် ဟောင်ကောင် ခရီးသွား ၁၅ဦး အပါအဝင် ကားပေါ်တွင် ခရီးသည် ၂၅ဦး လိုက်ပါခဲ့ရာ လက်နက် ကိုင်ထားသော ရဲအရာရှိဟောင်း မန်ဒိုဇာက ကားကို ရပ်တန့်စေပြီး ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကနဦးတွင် ပြန်ပေးဆွဲသူနှင့် ရဲအဖွဲ့၏ ညှိနှိုင်းမှုဖြင့် ဟောင်ကောင်ခြောက်ဦးနှင့် ဖိလစ်ပိုင်သုံးဦးကို လွှတ်ပေးခဲ့ကြောင်း၊ ၎င်းတို့မှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြောင်း။

မန်ဒိုဇာက ပစ်ခတ်မှုမဖြစ်ပွားမီ အစားအသောက်များ တောင်းဆိုခဲ့ကြောင်း၊ လေအေးပေးစက်ကိုလည်း အပြည့်ဖွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**စီးနင်း**

နောက်ဆုံးတွင် ခရီးသည် ၁၅ဦး ကားပေါ်၌ ကျန်နေစဉ် ဒေသဆိုင်ရာ ရဲအဖွဲ့က ကျည်ကာအင်္ကျီများ ဝတ်ဆင်ပြီး အဆိုပါ ဘတ်စ်ကားအနီးသို့ ချဉ်းကပ်ခဲ့သည်။

**သေဆုံး**

ထို့နောက် ပြန်ပေးဆွဲသူက ဘတ်စ်ကားအတွင်းမှ သေနတ်ဖြင့် ပစ်ခတ်ရာ ရဲအဖွဲ့က ပြန်လည်ပစ်ခတ်ပြီး ဘတ်စ်ကားကို ဝင်ရောက်စီးနင်းခဲ့သဖြင့် ဟောင်ကောင် ခရီးသွားဧည့်သည် ခုနစ်ဦးနှင့် ပြန်ပေးဆွဲသူတို့ သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**




# ရုရှားတောမီးအတွက် တရုတ်ကူညီ

**ပေကျင်း ဩဂုတ် ၂၃**

ရုရှားနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ဒသမ ၉သန်း တန်ဖိုးရှိ ပစ္စည်းကိရိယာများကို တရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့ ဩဂုတ် ၂၁ရက်တွင် အကူအညီပေးပို့လိုက်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပါဝင်**

အကူအညီပစ္စည်းများတွင် ဓာတ်ငွေ့ကာကွယ်သည့် မျက်နှာဖုံး ၂၀၀၀၊ မီးငြိမ်းသတ်သည့် ဓာတ်ငွေ့ဘူး ၄၀၀၀၊ မီးငြိမ်းသတ်သည့် ယူနီဖောင်း ၁၄၀၀နှင့် အသက်ရှူကိရိယာ ၉၀၀တို့ ပါဝင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ပွာ**



# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

**မောင်ချစ်ကြည် - စုစည်းသည်**

## အီရန်ဒုံးပျံကာကွယ်ရေးစနစ် လက်ဘနွန်ရရှိမည်

*အီရန်နိုင်ငံက လက်ဘနွန်နိုင်ငံသို့ ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ဖြူးမည်ဖြစ်ကြောင်း လက်ဘနွန်သတင်းဌာနက ဩဂုတ် ၂၂ရက်တွင် ကြေညာသည်။*

## ဆက်ဆံရေးထိခိုက်စေသည့် သမ္မတ၏အမိန့်

***အာဖဂန်နစ္စတန်နိုင်ငံအတွင်း လောလောဆယ်တွင် ဝန်ထမ်း ၃၀၀၀၀ဖြင့် လည်ပတ်နေသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ ၅၀ကျော်ရှိရာ ၎င်းတို့၏လုပ်ငန်းများကို လေးလအတွင်းရပ်ဆိုင်းရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမိန့်ထုတ်ပြန်လိုက်သည်။ ထိုအမိန့်ကြောင့် အမေရိကန်နှင့် အာဖဂန်နစ္စတန်တို့၏ဆက်ဆံရေး ထိခိုက်စေသည်ဟု ဆင်ပွာသတင်း၌ ဖော်ပြပါရှိသည်။***

## မြောက်ဝါဇီရစ္စတန်၌ လက်နက်ကိုင် လေးဦးသေဆုံး

*ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသအတွင်း ဩဂုတ် ၂၃ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်များဖြင့်ပစ်ခတ်သဖြင့် အနည်းဆုံး လက်နက်ကိုင် လေးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။* ***(အောက်ပုံ)***



## ရှန်ဟိုင်းဆိပ်ကမ်း ကုန်သွယ်အမြတ်ငွေ ၅၂ရာနှုန်းတိုး

***တရုတ်နိုင်ငံခြားကုန်သွယ်ရေးတွင် အဓိကဝင်ထွက်ပေါက်ဖြစ်သည့် ရှန်ဟိုင်းနိုင်ငံတကာဆိပ်ကမ်းအုပ်စု(အက်စ်အိုင်ပီဂျီ)က ယခုနှစ်ပထမခြောက်လအတွင်း အမြတ်ငွေ၅၂ ရာခိုင်နှုန်းတိုးလာကြောင်း ကြေညာသည်။***

## အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲမအောင်မြင်နိုင်

*စက်တင်ဘာ ၂ရက်တွင် ပြုလုပ်မည့် အစ္စရေးနှင့်ပါလက်စတိုင်း ဆွေးနွေးပွဲမှာ ရဟူဒီရပ်ကွက်အခြေချမှုရပ်ဆိုင်းရန် အစ္စရေးတို့ဘက်က တောင်းဆိုမှု ပြင်းထန်နေသည့်အတွက် အောင်မြင်နိုင်မည်မဟုတ်ကြောင်း ပါလက်စတိုင်းတို့က ကောက်ချက်ချထားသည်။*

## မြောက်ကိုရီးယား လေတပ်နှင့် ရေတပ် ကယ်ဆယ်ရေး၌ ပါဝင်

*မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ကြုံတွေ့ရသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် မြောက်ကိုရီးယား (ဒီပီအာရ်ကေ) လေတပ်နှင့် ရေတပ်က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြောင်း ကေစီအင်န်အေ သတင်းဌာနက ဩဂုတ် ၂၃ရက်က ကြေညာသည်။ ။ (အင်တာနက်)*

# ရောဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသနှစ်ခုကို အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်စေမည့် ရောဝတီတံတား ရတနာသိဃ်

သတင်းဆောင်းပါး-ခရမ်းစိုးမြင့် ❍ ဓာတ်ပုံ-မိုးမြင့်လှိုင် ❍ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

**နေပြည်တော် ဩဂုတ် ၂၃**

အနောက်မြောက်ဘက်ရှိ တိုင်းမြို့တော် မုံရွာမှ ရောဝတီတံတား ရတနာသိဃ်သို့ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄)က လာကြိုသောကားဖြင့် စာရေးသူတို့အဖွဲ့ လိုက်ပါလာခဲ့သည်။

## ဖြတ်သန်းတည်ဆောက်

ရောဝတီတံတား ရတနာသိဃ် တည်ဆောက်ရေးစီမံကိန်းသည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်းကျေးရွာနှင့် ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့အနီးမှ ရောဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်နေသော တံတားတစ်စင်းဖြစ်သည်။ စာရေးသူတို့စီးလာသော ကားကလေးသည် တံတားစီမံကိန်းသို့ အသွားမုံရွာမှထွက်ခဲ့ပြီး ကျောက်မြောင်းသို့ ဦးတည်လိုက်သည်။ ကျောက်မြောင်းမရောက်ခင် ရွှေဘိုကိုဖြတ်သန်းရသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မင်းနေပြည်တော်ဖြစ်ခဲ့သော မြို့ရွှေဘို၌ မိုးရေ၊ ဆည်ရေတို့ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွေက စိမ်းစိုလန်းဆန်းလျက်ရှိသည်။

ရွှေဘိုမှ ၁၈မိုင်ခန့်မောင်းလာခဲ့သော် တံတားစီမံကိန်းတည်ရှိရာ နွယ်ငြိမ်းသို့ ရောက်ရှိသည်။

## ရတနာသိဃ်တံတား

ရောဝတီတံတား ရတနာသိဃ် တည်ဆောက်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်း ဒေသကြီးမှ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ လျင်မြန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲက ဇန်နဝါရီ ၂၅ရက်တွင် လျာထားနေရာကို လမ်းညွှန်ခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ဆောက်လုပ်ခွင့်ပြုခဲ့သော တံတားဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲက ယခုတည်ဆောက်သည့် ရောဝတီမြစ်ကူး နှစ်လမ်းသွားကားလမ်းတံတားကြီးကို ဖေဖော်ဝါရီ ၄ ရက်တွင် ရတနာသိဃ် တံတားဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မတ် ၅ရက်နေ့ကကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၀)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်သည့် တံတားဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ရာ အတည်ပြုချက် ရရှိခဲ့သည်။

တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများမှာ-

| | | |
|---|---|---|
| **တံတားအမည်** | - | ရတနာသိဃ်တံတား၊ |
| **တည်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့၊ |
| **တံတားအရှည်** | - | ပေ၂၄၈၀ သံပေါင်အရှည် ၂၂၁၁ပေ၊ |
| **ခန်းဖွင့်ဖွဲ့စည်းပုံ** | - | ၇၅၆မီတာ (၂၀မီတာ×လေးခန်း+၁၁၂မီတာ× ခြောက်ခန်း) |
| **ယာဉ်သွားလမ်းအကျယ်** | - | ၂၈ပေ (နှစ်လမ်းသွားကားလမ်း) |
| **လူသွားလမ်းအကျယ်** | - | တစ်ဖက်လျှင်သုံးပေ (နှစ်ဖက်)၊ |
| **တံတားအမျိုးအစား** | - | အောက်ထည်သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်၊ အပေါ်ထည် သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်း၊ |
| **ရေလမ်းကင်းလွတ်အကျယ်** | - | ပေ ၃၂၀၊ |
| **ရေလမ်းကင်းလွတ်အမြင့်** | - | ၄၇ပေ (အမြင့်ဆုံးရေမှတ်)၊ |
| **တံတားခံနိုင်ဝန်** | - | HS.25 ၄၅တန် နှစ်လမ်းသွား ၇၅တန် (ယာဉ်တစ်စီးချင်း)၊ |
| **တံတားချဉ်းကပ်လမ်း** | - | ရောဝတီမြစ်အရှေ့ဘက် စဉ့်ကူး၏ချဉ်းကပ်လမ်းအရှည် သုံးမိုင်နှစ်ဖာလုံခန့်၊ ရောဝတီမြစ်အနောက်ဘက် နွယ်ငြိမ်း၏ ချဉ်းကပ်လမ်းအရှည် နှစ်မိုင်ခန့်ဖြစ်သည်၊ |
| **ရတနာသိဃ်တံတား၏ ခန့်မှန်းတန်ဖိုး** | - | ပြည်တွင်းသုံးငွေကျပ် ၆၃၃၆ သန်း၊ ပြည်ပသုံးငွေကျပ် US$ လေးသန်း။ |

ရောဝတီမြစ်၏ အနောက်ဘက်ခြမ်း ရတနာသိဃ်တံတားခြေရင်းတွင် နွယ်ငြိမ်းဆိုသောရွာကလေးရှိသည်။ နွယ်ငြိမ်းသည် ကျေးရွာအုပ်စုဖြစ်ပြီး နွယ်ငြိမ်းတစ်ရွာတည်း၌ အိမ်ခြေပေါင်း ၃၀၀ကျော်နှင့် လူဦးရေ ၁၇၀၀ကျော်ရှိသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စဉ့်လုပ်ငန်းဖြစ်သည်။ ထိုစဉ့်လုပ်ငန်းဖြစ်ပေါ်လာပုံမှာ ၁၇၅၆ခု အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ပြည်ထောင်စုနယ်မြေတိုးချဲ့စဉ်အခါက မွန်တို့ဒေသသည် ပဲခူး၊ မုတ္တမ၊ မော်လမြိုင် မြို့ရွာနယ်ပယ်များမှ အခြားပန်းဆယ်မျိုး ပညာရှင်များနည်းတူ အိုးလုပ်ငန်းကျွမ်းကျင်သော ပညာရှင်များကို မင်းနေပြည်တော် ရွှေဘိုသို့ခေါ်ခဲ့ပြီး စဉ့်အိုးပညာများကို သင်ကြား၍ အသက်မွေးဝမ်းကျောင်း ပြုစေခဲ့သည်ဆို၏။

## ထုတ်လုပ်

ထိုအချိန်မှစ၍ စဉ့်ပညာရှင်များသည် နွယ်ငြိမ်းကျေးရွာ အပါအဝင်ပတ်ဝန်းကျင် ကျေးရွာများ၌ အခြေစိုက်နေထိုင်ကြပြီး စဉ့်အိုးလုပ်ငန်းလုပ်ကိုင်ရန် ထိုဒေသ၌ အိုးမြေများရှာဖွေတွေ့ရှိသဖြင့် အလောင်းမင်းတရားကြီးထံ တင်ပြရာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ က အိုးမြေများ နန်းတော်အောက်မှတွေ့လျှင် နန်းတော်ကို ပင်ဖယ်ပေး၍ အိုးလုပ်ငန်းကို လုပ်ကိုင်စေရမည်ဟု တစ်ကြောင်းစာချွန် ထုတ်ပေးခဲ့ဖူးကြောင်း သိရသည်။ ယခုအခါ နွယ်ငြိမ်းတွင် ကလေးကစားစရာ အိုးပုတ်၊ ချိုးရုပ်များ၊ ပန်းအိုးအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းပုံစံမျိုးစုံနှင့် ပိဿာ ၁၅၀ ဝင် အိုးကြီးမှ ငါးပိဿာဝင်အထိ အမယ်ပေါင်း ၅၀ ကျော် ထုတ်လုပ်လျက်ရှိသည်ဟု သိခဲ့ရသည်။

## နွယ်ငြိမ်းကျေးရွာသမိုင်းအကျဉ်း

ပထမ အင်းဝခေတ် မြန်မာသက္ကရာဇ် ၇၂၆-၇၂၉ ခုနှစ်အတွင်း သတိုးမင်းဖျားလက်ထက်က သိုဟန်ဖွားများ ဝင်ရောက်လာသဖြင့် အင်းဝနေပြည်တော်မှ ဘုရင့်အနွယ်တော်များနှင့် ပြည်သူများသည် အထက်မြန်မာပြည်သို့ ထွက်ပြေးတိမ်းရှောင်ပြီး လက်ရှိဒေသအတွင်း အခြေချလုပ်ကိုင်နေထိုင်ခဲ့ကြသည်။

ညောင်ရမ်းမင်းဆက် ခုနစ်ဆက်မြောက် ရမည်းသင်းမင်း(ခေါ်)မင်းရဲကျော်ထင်၊ ဝမ်းဘဲအင်းခံမင်း(ခေါ်) အင်္ဂါမင်းလေးမည်ရမင်းလက်ထက်တွင် ၁၀၃၄ ခုနှစ် တန်ခူးလဆန်း နန်းတက်သည့်အခါ နိုင်ငံတော်ကို ပြန်လည်စိစစ်စည်းကြပ်ရာ ယခုနွယ်ငြိမ်းဒေသအတွင်းရှိ ပြည်သူများမှာ အင်းဝနေပြည်တော်မှ ရှောင်တိမ်းလာသော အနွယ်တော်များဖြစ်ပြီး အေးငြိမ်းစွာနေကြသည်ဖြစ်၍ အကောက်ခွန်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်ဟုဆိုသည်။နောင်တွင် အနွယ်တော်ငြိမ်းဟု ကျေးရွာအမည်တွင်ခဲ့ပြီး ကာလဝေါဟာရ ဆင်းသက်လာမှုအရ နွယ်ငြိမ်းဟု ဖြစ်လာခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

စာရေးသူတို့အဖွဲ့သည် ရောဝတီတံတား ရတနာသိဃ် တည်ဆောက်ရေးစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၁၄)မှဆောင်ရွက်လျက်ရှိသော ဘိုးပိုင်လုပ်ငန်း၊ PILECAP လုပ်ငန်း၊ PIER. SHAFT လုပ်ငန်းနှင့် CROSS BEAM လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားထိပ်နှစ်ဖက်တွင် သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ ချဉ်းကပ်လမ်းဖောက်လုပ်နေမှုများကို ဓာတ်ပုံမှတ်တမ်းများရိုက်ကူးကြသည်။

ယင်းနောက် လုပ်ငန်းခွင်၌ စီမံကိန်း အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းအား တွေ့ဆုံမေးမြန်းရာ ဦးကျော်လင်းက မိမိသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတားအထူးအဖွဲ့(၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဖြစ်ကြောင်း၊ အထူးတာဝန်ပေးချက်အရ ရတနာသိဃ်တံတားကြီး တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာအဖြစ် တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း၊ ဤတံတားကြီး ရေလယ်တိုင်များ၏ အုတ်မြစ်ဒီဇိုင်းပုံ တွက်ချက်နိုင်ရေးအတွက် မြေစမ်းသပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် ဧပြီ ၁၆ရက်တွင် ပန္နက်တင်မင်္ဂလာကို ဆောင်ရွက်ခဲ့ပြီး ထိုနေ့မှစ၍ စက်၊ ယာဉ်ယန္တရားများဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

## အတွေ့အကြုံရှိ

ပင်မတံတားကြီးတစ်ခုလုံး၏လုပ်ငန်း ပမာဏပြီးစီးမှု ရာခိုင်နှုန်းမှာ ၂၀၁၀ ဇူလိုင်လအထိ ၂၃ဒသမ ၇ရာခိုင်နှုန်းဖြစ်ကြောင်း၊ လုပ်ငန်းအရှိန်အဟုန်သည် မြစ်ရေစီးနှေးသည့်နွေရာသီတွင် ရေလယ်တိုင်အုတ်မြစ်များ တည်ဆောက်ရတာ လွယ်ကူကြောင်း၊ ယခုမိုးရာသီတွင် ရေစီးကြမ်းချိန်လည်း ဖြစ်ပြီးစီမံကိန်းတံတားကြီး၏နေရာရောဝတီမြစ်၏အောက်ခြေတွင် ကျောက်ဖျာများ တွေ့ရသည့်အတွက် ကျောက်ဖျာများကို လွန်ဖြင့်ဖောက်ရန်အတွက် ရေနည်းနည်းငြိမ်သည့်အချိန် စောင့်ဆိုင်းပြီး တဖြည်းဖြည်း လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ မိမိတို့တွင် ကျောက်ဖျာဖောက်သည့်စက်များရှိကြောင်း၊ မိမိတို့သည် နဝဒေးတံတား တည်ဆောက်စဉ်က ရေအောက်၌ ကျောက်ဖျာတွေ့သဖြင့် လွန်နှင့် ဖောက်ပြီး တံတားတိုင်များ တည်ဆောက်ခဲ့ဖူးသည့် အတွေ့အကြုံရှိပြီး ဖြစ်ကြောင်း။



ရတနာသိဃ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဘိုးပိုင်များ ကွန်ကရစ်လောင်းရာတွင် အသုံးပြုသည့် သံချည်သံကွေးများ တပ်ဆင်နေကြစဉ်။



ရတနာသိဃ်တံတား၏ ကမ်းကပ်ဘိုးပိုင်များ ဆောင်ရွက်နေမှုကို ဤသို့တွေ့ခဲ့ရသည်။

## အပိုဝင်ငွေရ

တံတားတည်ဆောက်ရာတွင်မလွတ်ကင်းသည့် နွယ်ငြိမ်းကျေးရွာမှ အိမ် ၅၉လုံးနှင့် အိုးဖုတ်သည့် ဖိုကြီးသုံးလုံးကို ဖယ်ရှားပြီး သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တံတားချဉ်းကပ်လမ်းနံဘေးတွင် အိမ်များကို ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ဒေသ၌ ယခုကဲ့သို့ တံတားကြီးတစ်စင်းကို နိုင်ငံတော်ကတည်ဆောက်ပေးနေ၍ ဝမ်းသာနေကြကြောင်း၊ ထို့ပြင် ၎င်းတို့အနေဖြင့် ယခုကဲ့သို့ အိုးလုပ်ငန်းနားနေချိန်ရာသီတွင် တံတားစီမံကိန်း၌ ပါဝင်လုပ်ကိုင်နိုင်၍ အပိုဝင်ငွေရနေကြကြောင်း။

## ပူးတွဲတည်ဆောက်

မိမိတို့ တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၄)သည် ယခုရတနာသိဃ် တံတားကြီးနှင့်အတူ အထက်မြန်မာပြည်ရှိ တံတားကြီးငယ်များကိုလည်း ပူးတွဲတည်ဆောက်နေကြောင်း၊ တံတားအထူးအဖွဲ့(၁၄)တွင် အင်ဂျင်နီယာအင်အား ၄၅ဦးရှိပြီး ပညာသည်ဝန်ထမ်း ၁၀၀ကျော်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

## ဆက်သွယ်သွားလာနိုင်

ဤတံတားကြီး တည်ဆောက်ပြီးစီးပါက ရောဝတီမြစ် အရှေ့ဘက်ကမ်း စဉ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ရောက်ရှိပြီး ဖော့တော လမ်းဆုံမှတစ်ဆင့် မိုးကုတ်သို့လည်းကောင်း၊ တွင်းငယ်လမ်းဆုံမှ မိုးမိတ်သို့ လည်းကောင်း၊ ငါးအို့လမ်းဆုံမှ မဘိမ်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ထို့အတူ ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့ လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့ လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အလွယ်တကူဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ပါကြောင်းတို့ကို ကွင်းဆင်းသွားရောက် လေ့လာ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ချဉ်းကပ်လမ်းဖောက်လုပ်

ရတနာသိဃ်တံတား ကျောက်မြောင်းဘက်ကမ်း ချဉ်းကပ်လမ်းကို ဖောက်လုပ်နေစဉ်။



24-8 (05).pmd 1 8/24/2010, 2:08 AM

# တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ

## ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၃

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အသင်းလိုက် အကောင်းဆုံးဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

**အမှာစကားပြောကြား**

ဆက်လက်၍ တိုင်းမှူးသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ဗီတာမင်အားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အိုင်အိုဒင်းဆားနှင့် အားဆေးများ ဖြန့်ဝေပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မြင်းခြံနှင့် တောင်သာမြို့တို့ရှိ ဘဏ္ဍာ/အခွန်လုပ်ငန်းများ ဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ် မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

**စစ်ဆေး**

ဆက်လက်၍ မြင်းခြံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိစစ်ဆေးပြီးနောက် ဝန်ကြီးသည် မြင်းခြံမြို့နယ် မြန်မာ့အာမခံ လုပ်ငန်း ခရိုင်ရုံးသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်သာမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲနှင့် မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးတို့သို့လည်းကောင်း ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **စာလိုက် စာချ ဘက်စုံရ ထူးချွန်လှသည့် ဆရာတော်** အပိုင်း(၁)
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၂)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (ဇာတ်သိမ်းပိုင်း)
- ၂၅။ Mini Series (အပိုင်း-၈)
- ၂၆။ သင့်အတွက် မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၃

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်း ကျောင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ (ဒုတိယ ညွှန်ကြားရေးမှူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆရာ ဆရာမများ နှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေး၊ မိဘဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးအေးမြင့်၊ ကျောင်းအကျိုးတော်ဆောင် ဦးစိန်မြင့်၊ အမှတ်(၂)နယ်မြေ ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ ဒုတိယနယ်မြေမှူး ရဲအုပ်ဒေါ်ခင်သစ်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ပညာရေး)**

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး

**ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အတွင်း မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးလုပ်ငန်းများ အရှိန် အဟုန်မြှင့် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ရက် က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ် အမှာ စကားပြောကြားစဉ်။** (၀၂၅)



# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အွန်လိုင်းမှတစ်ဆင့် အဝေးပြေးကားလက်မှတ်ဝယ် နိုင်ပြီ လက်မှတ်ဈေးနှုန်းမတိုးမြှင့်ဘဲ အင်တာနက်ဝန်ဆောင်ခနှင့် ပို့ဆောင်ခသာ ပေးရန်လို၊ ကွန်ပျူတာလက်ပ်တော့နှင့် Note Book အသုံးများလာပြီ၊ အင်တာနက် မဖွယ်မရာ ညစ်ညမ်းပုံလုပ်ရပ်ကို သတိပြု၊ ကားဈေးကွက် မရေရာ မသေချာ တော့သဖြင့် ရင်းနှီးမြှုပ်နှံသူများ ကားဘက်တွင် စိတ်ဝင်စားမှုလျော့ကာ အခြား စီးပွားရေးဘက်ဦးလှည့်၊ မျက်နှာဖုံးသတင်းဆောင်းပါးများ၊ ကမ္ဘာ့အသက်အကြီးဆုံး ဖြစ်လာသည့် အဘွားဒေါ်မြကြည်အား တွေ့ဆုံမေးမြန်းခြင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဒေါက်တာအောင်ကိုကို (စီးပွားရေး ပညာ၊ စီးပွားရေးပေါ်လစီ)၊ ရဲမြင့်သိန်းတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါး များကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ကြေညာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာဒေသများ သတ်မှတ်၊ စည်းရုံးလှုပ်ရှား နိုင်ငံရေး ပါတီများ၊ (ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ)၊ ခေတ်သစ်ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တွေ့ဆုံခြင်းတို့ကို ဖော်ပြထားသည်။

ထို့အပြင် လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစဉ် ယာဉ်တိုက်မှုမဖြစ်ရန် ဘတ်စ် ကားလိုင်း ၄၉၇ လိုင်းမှ ဘတ်စ်ကားစီးရေ ၈၇၀၀ကျော်အား ကြပ်မတ်သွားမည်၊ တစ်နှစ်အတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူ ၂၀၀၀ကျော် ဒဏ်ရိုက်အရေးယူ၊ ထားဝယ် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အိန္ဒြာကျော်ဇင်၊ မိုးယုစံ၊ ဝတ်မှုန်ရွှေရည်တို့၏ ရင်တွင်းစကားဖွင့်ဟချက်များ၊ ချစ်တာတစ်ခုတည်း အဓိကထားပြီး လက်ထပ်ဖို့ ရွေးချယ်ဖြစ်ခဲ့တဲ့ မျိုးစန္ဒီကျော် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။

**(သတင်းစဉ်)**

# ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ

## တောင်ဥက္ကလာပ၌ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ လီမိတက်၏ ၂၀၀၉-၂၀၁၀ခုနှစ် ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အထက(၂) သီရိမြန်မာခန်းမ၌ မွန်းလွဲ ၁နာရီက ကျင်းပရာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အသင်းအမှုဆောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ဆောင်ရွက်ပြီး သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးညိုဝင်းက ဆောင်ရွက်သည်။

**ဖတ်ကြားတင်သွင်း**

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့၏ အသင်းသား စာရင်းစစ် အစီရင်ခံစာ နှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်သွင်း အတည်ပြုကြပြီးနောက် နုတ်ထွက် သွားသော အမှုဆောင်များ၏နေရာတွင် ဥက္ကဋ္ဌဦးအောင်ရှိန်၊ အထက(၅) ကျောင်းအုပ် ဆရာကြီး ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။ **(ဝဲပုံ)**

(၁၀၀)



**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝမ်းတွင်း အမှတ်(၂)ရပ်ကွက် ၂၉လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ရက်က အငယ်တန်းအင်ဂျင်နီယာ ဦးမောင်မောင်ကျော်နှင့်အဖွဲ့ တာဝန်ယူဆောင်ရွက်လျက် ရှိရာ အမှုဆောင်အရာရှိ ဦးသန့်ဇင် ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ညင်သာချောမွေ့စွာ အဆင့်ဆင့်တက်လှမ်း အမျိုးသားရေးလုပ်ငန်းစဉ်များအောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ

## အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးမျက်နှာစာတွင် မိမိတို့ ပူးပေါင်းပါဝင်ကြိုးပမ်း အမျိုးသားရေးအခန်းကဏ္ဍတာဝန်များကို ပိုမိုသိမြင်လာစေရေး ဆည်းပူးလေ့လာ

ရန်ကုန် ဩဂုတ် ၂၃

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား စီးပွားရေးဘဝတောင့်တင်းခိုင်မာရေး၊ ပြည်သူများ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး ဘက်စုံကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိ စေတနာရှေ့ထားပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

### တက်ညီလက်ညီ

ယခုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည် မြင့်မားမှု၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝရေး၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားမှသာ မိမိတို့လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်လျှင် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့်ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေချိန်တွင် ခေတ်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်ပြေးညီ လိုက်ပါနိုင်စေရေး ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေးအကျိုးစီးပွားနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ တိမ်းပါးယိုယွင်းမသွားစေရေးအတွက် သတိနှင့် ယှဉ်ပြီး ထိန်းသိမ်း စောင့်ရှောက်နေကြရသည့် အချိန်အခါလည်း ဖြစ်ကြောင်း။

### ပိုမိုကြီးမား

ကမ္ဘာ့တစ်ဝန်းတွင် အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး အသွင်သဏ္ဌာန် အမျိုးမျိုးဆောင်နေသည့် ပဋိပက္ခများ၊ ဒေသတွင်း စစ်ပွဲများ၊ ပြည်တွင်းစစ်များ၊ အကြမ်းဖက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံများအတွင်း အုပ်စုဖွဲ့ ဘက်ပြိုင်မှုများ၊ စံနှုန်းမျိုးထားခွဲခြားဆက်ဆံမှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများ ပိုမိုကြီးမား နက်ရှိုင်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့အပြင် တစ်ကမ္ဘာလုံးအား ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဒေသတွင်း ပဋိပက္ခနှင့် ပြဿနာများတွင် စည်းရုံးသိမ်းသွင်းမှု၊ ဖိအားပေး အကျပ်ကိုင်မှု နည်းလမ်းအသွယ်သွယ်ဖြင့် ပါဝင်ပတ်သက် ဖန်တီးနေမှုကြောင့် မူလထက် ရှုပ်ထွေးနက်ရှိုင်းသည့် ပဋိပက္ခနှင့် ပြဿနာအသစ်များကိုလည်း တိုးပွားစေလျက်ရှိကြောင်း။

### အမျိုးသားရေးစွမ်းအား

ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့နိုင်ငံ မိမိတို့ လူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေးရပ်တည်ချက်များ မပျက်မယွင်းစေဘဲ နိုင်ငံတကာနှင့် ယှဉ်တွဲပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အမျိုးသားရေးစွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်သာမက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေလည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေး ဦးတည်ချက်ဖြင့် မိမိနိုင်ငံ မိမိဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

ယနေ့ အချိန်အခါကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်အတူ မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိပညာနှင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် အနှောင့်အယှက် အဟန့်အတားအဖုံဖုံ၊ သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးတို့အား ပညာစွမ်းအားနှင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သော အမျိုးသားရေးလမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆရာ ဆရာမများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။





### ဆည်းပူးလေ့လာ

နိဂုံးချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ်ဆက်လက်ပြုစု ပျိုးထောင်နိုင်ရေးအတွက် ဖော်ဆောင်လျက်ရှိသည့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း အောင်မြင်ရေးအတွက် ပညာရေးလုပ်ငန်းစဉ်များအပေါ် ပိုမိုသိမြင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြရန်၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းအဖြစ် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ညင်သာချောမွေ့စွာ အဆင့်ဆင့် တက်လှမ်းနိုင်ပြီး အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် ကြိုးပမ်းသွားကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး မျက်နှာစာတွင် မိမိတို့ ပူးပေါင်းပါဝင် ကြိုးပမ်းရမည့် အမျိုးသားရေး အခန်းကဏ္ဍတာဝန်များကို ပိုမို သိမြင်လာစေရေး အတွက် ဆည်းပူးလေ့လာ သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၁၅၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

### အမှာစကားပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

### မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ တီဘီအဆုတ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာအမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို ဩဂုတ် ၂၈ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည် ဖြစ်သည်။ ဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာ ဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးစောဝင်းနှင့် အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ပိုးမွှားဗေဒ အထူးကု ဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာ ဒေါ်တီတီတို့က ဟောပြောကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့တွင်လည်းကောင်း၊ ဟောပြောမည့် နံနက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက် (အဖိတ်နေ့)
၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ
- ၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၉။ ဇီဝိတဒါနသွေးလှူကြစို့
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၀ ၄။ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ်မြေစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက -၂၊ ဒဂုံ၊ အမျိုးသမီးဝတ်ရွတ်အဖွဲ့)
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၅:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၅:၂၀ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅:၄၅ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၁၁)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ငါတို့ခွန်အား မျိုးကြီး(တေးရေး-လင်းလင်း)
- ၁၉။ ရယ်စရာဟာသများ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ)
- ၂၁။ ရုပ်ရှင်ပဟေဠိ

### တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း မင်ဒူလီ (Mindulle) သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ (Danang)၏ အရှေ့ဘက် မိုင် ၁၂၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် နောက် ၄၈နာရီအတွင်း ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း)လမ်း၏ တည်နေရာနှင့် လမ်းအူကြောင်းအခြေအနေ၊ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျစီမံ**

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး လမ်းစီမံကိန်းကို သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် လုပ်ငန်းများ တစ်ချိန်တည်းတစ်ပြိုင်တည်း ပြီးစီးအောင် စနစ်တကျ စီမံ ဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

များသို့ ဖြန့်ဝေပေးရန်ဖြစ်ကြောင်းနှင့် တောင်သူများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရန် ပညာပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## မြေသြဇာကြဲပက်နေမှု ကြည့်ရှု

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာရှိ တောင်သူ ဦးဝင်းဦး၏ စပါးခင်းအတွင်း ပေါင်းလိုက်နေမှု၊ တမန်းနှိုးနေမှုနှင့် မြေသြဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



## ရှင်းလင်းတင်ပြ

**နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ် (ပဲနွယ်ကုန်း)လမ်း၏ တည်နေရာနှင့် လမ်းအူကြောင်း အခြေအနေ၊ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)





## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)**

၂၅-၈-၂၀၁၀

**(ဝါခေါင်လပြည့်)**

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တရားတော် **(ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့ တရားတော်)** ဉပုသ်နေ့နှိုးဆော်ချက်
၇း၂၀ မြွေပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဟောပြောချက် (ဝါခေါင်လရဲ့ မေတ္တာအခါတော်နေ့)
၈း၅၀ နဝင်္ဂသီလပေးတရား (ဘဒ္ဒန္တသိရိန္ဒ)
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၄) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တရားတော် (ဘဒ္ဒန္တဓမ္မပါလာဘိဝံသ)
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ **(ရင်ထဲမှာကြွေ)**
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (မြေပဲဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ်)
၁၇း၁၀ Current Song
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၂၁)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆၄)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း **ကျွက်ကျွက်ရယ်တဲ့မှည်**
၁၈း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွား မေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘာဝအဖုံဖုံ (အကယ်ဒမီများရှင် ဒေါ်မြင့်မြင့်ခင်)
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (သွေးလွန်တုပ်ကွေး ကာကွယ်ပေး) လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ တရားတော်

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း) လမ်းသည် လမ်းအရှည် ၈၆မိုင် ၆ဖာလုံရှိပြီး ပဲခူးရိုးမကို ဖြတ်ကျော်ဆက်သွယ်သည့် လမ်းဖြစ်သည်။ ယခုအခါ လမ်းအူကြောင်းရှာဖွေခြင်းနှင့် တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြေတိုင်းတာ ပုံစံထုတ်ခြင်း၊ တောရှင်းခြင်းနှင့် အပေါ်ယံမြေလွှာဖယ်ရှားခြင်း၊ မြေဖို့ခြင်း၊ မြေဖြတ်ခြင်း၊ မြေဖိသိပ်ခြင်းလုပ်ငန်းများနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

**ဖြည့်စွက်ရှင်းလင်း**

နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က ပဲခူးရိုးမကို ဖြတ်ကျော်၍ တိုက်ကြီးမြို့နှင့် ပဲခူးမြို့တို့ကို ဆက်သွယ်ပေးမည့် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များက ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က လမ်းကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် ပြီးစီးအောင် ဖောက်လုပ်ရန်ဖြစ်ကြောင်း မှာကြားသည်။

လမ်းအရှည် ၄၂မိုင် ၇ဖာလုံရှိ အဆိုပါလမ်းကို မြေသားလမ်းအကျယ် ၃၄ပေနှင့် ၁၂ပေအကျယ် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်လျက်ရှိသည်။

**ရှင်းလင်းပြသ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာန၏ သုတေသနစိုက်ကွင်းသို့ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ဘိုကာရှီသဘာဝမြေသြဇာ၊ တီကျစ်မြေဆွေးနှင့် EM အရည်ဖျန်း မြေသြဇာများကိုလည်းကောင်း၊ စပါးမျိုးများ၏ အရည်အချင်းလက္ခဏာများ မှတ်တမ်းတင်ခြင်း ဆောင်ရွက်ထားရှိမှုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ စပါးမျိုးများ၏ အထွက်နှုန်းနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု နှိုင်းယှဉ်လေ့လာမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က အထွက်တိုးစပါးမျိုးများ ရရှိအောင် သုတေသနပြုပြီး မျိုးများထုတ်လုပ်ရေး၊ အထွက်နှုန်းကောင်းစပါးမျိုးများကို တောင်သူ

## ဝန်ကြီး ဦးစိုးသိန်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၃**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာရာဂျမ်ရှေရှာဒရီသည် ဩဂုတ် ၂၂ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် အိန္ဒိယသမ္မတနိုင်ငံ TA TA Motors Ltd., နှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)ကို သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ စက်မှုသင်တန်းကျောင်း(ပခုက္ကူ) ဖွင့်လှစ်လျက်ရှိသော အခြေအနေများနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ယူကရိန်းနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၄**

၂၀၁၀ခုနှစ် ဩဂုတ် ၂၄ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကော့စ်တီယန်တင် ဂရီရှ်ချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

## အင်္ဂပူမြို့နယ် နန်ကသူဆည်အတွင်း ငါးမျိုးစိုက်ထည့်

**အင်္ဂပူ ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတ ရေရှည်တည်တံ့ပွားများစေရန် ငါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရေးအတွက် အင်္ဂပူမြို့နယ် နန်ကသူဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက ကျင်းပသည်။

**မျိုးစိုက်ထည့်**

ဆက်လက်၍ နန်ကသူဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငါးခေါင်းပွ စုစုပေါင်း ငါးမျိုးကောင်ရေ လေးသိန်း မျိုးစိုက်ထည့် ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

**တက်ရောက်**

အခမ်းအနားတွင် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်၊ အင်္ဂပူမြို့နယ် ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးလှထွန်း၊ ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမင်းမင်း၊ နန်ကသူဆည်ရှိတာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၇၈ဦး တက်ရောက်ကြသည်။ **(၁၇၇)**



# တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံးနှစ်သိန်း ထုတ်လုပ်နိုင်မည့်

# ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၃ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ အဆိုပါစက်ရုံဥပစာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံအတွက် အမြဲတမ်းမှန်ကန်နေမည့် မူဝါဒတစ်ရပ်ချမှတ်ပေးခဲ့ကြောင်း၊ ယင်းမှာ (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် (၃)အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီး ပြိုကွဲမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း။

## အဓိကလိုအပ်ချက်

ပြည်ထောင်စုစိတ်ဓာတ်ရှိရန် တိုင်းရင်းသားအားလုံးသည် ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်များ တူညီရန်လိုကြောင်း၊ ယင်းသို့ တူညီနေရန် တိုင်းရင်းသားများအားလုံး အမြဲထိတွေ့ဆက်ဆံနေကြရန်ဖြစ်ကြောင်း၊ ထိုသို့ထိတွေ့နေရန် ကားလမ်း၊ ရထားလမ်းများသည် မရှိမဖြစ်သည့် အဓိကလိုအပ်ချက်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးကို ရထားလမ်းများ ဖောက်လုပ်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရထားလမ်းများ အားလုံးပြီးသွားလျှင် အမျိုးသား မီးရထားကွန်ရက်ကြီး ဖြစ်လာတော့မည်ဖြစ်ကြောင်း။ ယင်းလမ်းများမှာ-

| စဉ် | စီမံကိန်းအမည် | ခရီးမိုင် | ဖောက်လုပ်ပြီး | ဖောက်လုပ်ရန်ကျန် |
|---|---|---|---|---|
| ၁။ | ကြံခင်း-ပခုက္ကူ | ၃၂၀ | ၂၀၄ | ၁၁၆ |
| ၂။ | မင်းဘူး-အမ်း-စစ်တွေ | ၂၅၇ | ၃၄ | ၂၂၃ |
| ၃။ | ကသာ-ဗန်းမော် | ၉၈ | ၁၇ | ၈၁ |
| ၄။ | ပျော်ဘွယ်-နတ်မောက်-မကွေး | ၉၅ | ၃၀ | ၆၅ |
| ၅။ | မိုးနဲ-ကျိုင်းတုံ | ၂၂၆ | - | ၂၂၆ |
| ၆။ | ထားဝယ်-မြိတ် | ၁၃၂ | - | ၁၃၂ |
| ၇။ | ပုသိမ်-ဘဲဂရက်-လှိုင်သာယာ | ၈၉ | - | ၈၉ |
| ၈။ | ဟသ်ာတ-ညောင်တုန်း | ၄၈ | ၁၆ | ၃၂ |
| ၉။ | ပြည်-တောင်ငူ | ၁၂၀ | ၂၀ | ၁၀၀ |
| ၁၀။ | နေပြည်တော်-တပ်ကုန်း-ပင်လောင်း | ၁၂၀ | - | ၁၂၀ |
| ၁၁။ | မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန် | ၄၇၅ | - | ၄၇၅ |
| ၁၂။ | ကလေး-ကလေးဝ-ယာကြီး-မုံရွာ | ၁၃၅ | - | ၁၃၅ |
| ၁၃။ | တောင်ငူ-ယာဒို-လွိုင်ကော် | ၁၅၀ | - | ၁၅၀ |
| | စုစုပေါင်း | ၂၂၆၅ | ၃၂၁ | ၁၉၄၄ |
| | ဖောက်လုပ်ရန်ခရီးမိုင် | | | ၂၂၆၅ မိုင် |
| | ဖွင့်လှစ်ပြီးခရီးမိုင် | | | ၃၂၁ မိုင် |
| | ဆောင်ရွက်ဆဲခရီးမိုင် | | | ၁၉၄၄ မိုင် |



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)အတွင်း ကွန်ကရစ်ဇလီဖား ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ စက်ရုံဥပစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## လဲလှယ်

ဆောင်ရွက်ဆဲ ရထားလမ်းမကြီးခရီးမိုင် ၁၉၄၄ မိုင်ကိုလည်း အမြန်ဆုံးဆောင်ရွက်ပြီး အပိုင်းလိုက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုရထားလမ်းများအားလုံး ပြီးစီးသွားပါက မြန်မာ့မီးရထားအနေဖြင့် ခရီးမိုင် ၅၄၃၅မိုင်၊ သံလမ်းမိုင် ၆၇၄၃ မိုင် ရှိလာမည်ဖြစ်ကြောင်း၊ ရထားလမ်းတစ်မိုင်တွင် ဇလီဖားတုံး ၁၄၄၈တုံး ခင်းကျင်းရမည် ဖြစ်ပြီး ရထားလမ်းသံလမ်းမိုင် ၆၇၄၃ မိုင်အတွက် ဇလီဖားတုံး ၁၆၅၀၆၈၆၄ တုံး ခင်းကျင်းရမည်ဖြစ်ကြောင်း၊ သစ်သားဇလီဖားတုံး၏ ခံနိုင်ရည်မှာ ငါးနှစ်သက်တမ်းရှိ၍ ရထားလမ်းများ အမြဲတောင့်တင်းခိုင်မာနေရန်အတွက် ငါးနှစ်တစ်ကြိမ် အဟောင်း၊ အသစ် လဲလှယ်နေရမည်ဖြစ်ပြီး တစ်နှစ်လျှင် ဇလီဖားတုံး ၃၃၀၁၃၇၀ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကွန်ကရစ်ဇလီဖားစက်ရုံများကို အောက်ပါအတိုင်း တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ-(၁) မြစ်ငယ်စက်ရုံ သုံးသိန်း၊ (၂) ပြွန်တန်ဆာစက်ရုံ တစ်သိန်း၊ (၃) မုတ္တမစက်ရုံ နှစ်သိန်း၊ (၄) ပခုက္ကူစက်ရုံ နှစ်သိန်း၊ (၅) ဥသျှစ်ပင်စက်ရုံ နှစ်သိန်း၊ (၆) ခင်ဦးစက်ရုံ နှစ်သိန်း၊ (၇) မင်းဘူးစက်ရုံ နှစ်သိန်း၊ (၈) ရွှေညောင်စက်ရုံ နှစ်သိန်း၊ (၉) ဗန်းမော်စက်ရုံ နှစ်သိန်း၊ (၁၀) သီပေါစက်ရုံ နှစ်သိန်း၊ (၁၁) နမ့်စန်စက်ရုံ နှစ်သိန်းတို့ဖြစ်ကြောင်း။

## ထုတ်လုပ်နိုင်မည်

စက်ရုံများအားလုံးပြီးစီးသွားပါက တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖား ၂၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နှစ်စဉ် မြစ်ငယ်စက်ရုံမှ သုံးသိန်း၊ ပြွန်တန်ဆာစက်ရုံမှ တစ်သိန်း၊ မုတ္တမစက်ရုံမှ နှစ်သိန်း၊ ပခုက္ကူစက်ရုံမှ နှစ်သိန်း၊ ယနေ့ဖွင့်လှစ်မည့် ဥသျှစ်ပင်စက်ရုံမှ နှစ်သိန်း စုစုပေါင်း စက်ရုံငါးရုံမှ ကွန်ကရစ်ဇလီဖားတုံးရေ ၁၀သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဥသျှစ်ပင်မြို့၌ တည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း စမ်းသပ်လည်ပတ် ထုတ်လုပ်နိုင်၍ ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တည်ဆောက်ချိန် နှစ်နှစ်ကြာမြင့်ခဲ့ကြောင်း၊ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)၏ အကျယ်အဝန်း ဧရိယာမှာ ၁၅ ဒသမ ၀၉ ဧကဖြစ်ကြောင်း၊ စက်ရုံမှ တစ်ရက်ပျမ်းမျှ ကွန်ကရစ်ဇလီဖားတုံး ၆၀၀၊ တစ်နှစ်လျှင် နှစ်သိန်း ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသွားသည်။

## များစွာအကျိုးရှိ

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားရာတွင် ဥသျှစ်ပင်ဒေသတွင် ဤစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်များရရှိလာမည်ဖြစ်ရာ မိသားစုအကျိုး၊ မြို့နယ်အကျိုး၊ နိုင်ငံ့အကျိုးကို ကျရာအခန်းကဏ္ဍက မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီးသည် ပဲခူးရိုးမကြောင့် အရှေ့နှင့်အနောက် အတားအဆီးသဖွယ် ပိုင်းခြားနေကြောင်း၊ ယင်းပဲခူးရိုးမကို ဖြတ်ကျော်ပြီး အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်မည့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူကားလမ်းကို ထပ်မံဖောက်လုပ်ပေးခဲ့ပြီး ရထားလမ်းအနေဖြင့် ဖောက်လုပ်နေသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ ယမန်နေ့က ယင်းရထားလမ်းမကြီး၏ ပထမဆုံးခြေလှမ်း အစိတ်အပိုင်းဖြစ်သည့် အရှည်မိုင် ၂၀ ရှိ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးတံတားများကို ဖောက်လုပ်တည်ဆောက်ဆောင်ရွက်ခဲ့ရာ ကားလမ်းအနေဖြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံပြီး ရထားလမ်းအနေဖြင့် ရှိပြီးသား ပုသိမ်-ကြံခင်း ရထားလမ်းမှ ပခုက္ကူအထိ ရောက်ရှိနိုင်မည့် ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းကြီးကိုလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အပိုင်းလိုက် တာဝန်ယူဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဟင်္သာတမှ ညောင်တုန်းအထိ ရထားလမ်းများဖောက်လုပ်လျက်ရှိကြောင်း၊ ကွန်ကရစ်ဇလီဖားသည် ရထားလမ်းအတွက် နှစ်အတော်ကြာ အသုံးပြုနိုင်သည့်အတွက် နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) ဖွင့်လှစ်နိုင်ခြင်းဖြင့် ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားများကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း- ပခုက္ကူ ရထားလမ်း၊ ဟသ်ာတ-ညောင်တုန်း ရထားလမ်း၊ ပုသိမ်-လှိုင်သာယာ ရထားလမ်းစီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တစ်ချက်တည်းကျင်းဝင်

*ရန်ကုန် ဩဂုတ် ၂၃*

*ရန်ကုန်ဂေါက်အသင်း (တည်ပင်းကုန်း)၌ ဦးအေးဆောင်သည် ဩဂုတ် ၂၀ရက်က ကစားဖော်များဖြစ်ကြသော ဦးမင်းသိန်း၊ ဦးကျော်စိုးဝင်း၊ ဦးတင်အောင်လင်း၊ ဦးသိန်းစိုး၊ ဦးအောင်လှဟန်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၁၌ ၁၆၂ ကိုက်အကွာမှ **Pro V 1, No. 4 (Titleist)** ဘောလုံးကို **No.9 Srixon (601)** တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။*

*အလားတူ ဩဂုတ် ၂၁ ရက်ကလည်း ဦးတင်စိန်သည် ကစားဖော်များဖြစ်ကြသော ဦးအောင်မြတ်၊ ဦးမောင်မောင်မြင့် **(K.M)**တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၁၌ ၁၆၂ ကိုက် အကွာမှ **Srixon (No-1)** ဘောလုံးကို **Tarlor Made Iron-7** တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရသည်။*

*(ရန်ကုန်ဂေါက်အသင်း)*



ဩဂုတ် ၉ ရက်က နမ့်ခမ်းမြို့နယ် ဒေါနလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းတူးဖော်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးထွန်းကြွယ်က ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ငရုတ်သီးညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၁၃၀ ရှိ တိုက်တစ်တိုက်၏ ပထမထပ်၌ ကြက်သွန်၊ ငရုတ်သီးများကြော်လှော်ခြင်းကို ပြုလုပ်နေပါသဖြင့် အခြားအခန်းများဆီသို့ အညှော်နံ့များရောက်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်ကိုပါ စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အညှော်နံ့မခံနိုင်သူ**

### စည်းကမ်းမဲ့လမ်းဘေးဈေးသည်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ဘိုကလေးမြို့ မြို့မ(၅)ရပ်ကွက် ကမ်းနားလမ်းရှိ မြို့မစည်ပင်သာယာဈေးကြီး ရေကန်ပတ်ဝန်းကျင်နှင့် သောက်ရေအိုးစင်ပတ်ဝန်းကျင်မှ လမ်းဘေး ကွမ်းရောင်းသူများသည် ၎င်းတို့အား တရားဝင်သတ်မှတ်ပေးသော နေရာမဟုတ်ဘဲ ရောင်းချနေပါသဖြင့် ရေကန်နှင့် သောက်ရေအိုးစင်သန့်ရှင်းရေးအတွက် ၎င်းတို့အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးသူ/ဈေးသားများ**

### သားသတ်လုပ်ငန်း ပြောင်းရွှေ့ပေးစေလို

**စာတည်းခင်ဗျား-**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ယောက်သွားအင်းအုပ်စု ကြံဖိုစုကျေးရွာနှင့် လက်ပန်ခါးလှကျေးရွာကြားရှိ နွားသတ်ခြံမှ နွားအော်သံ၊ ဆိတ်အော်သံနှင့် အနံ့ဆိုးများကို ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ နေ့စဉ်ခံစားနေရပါသဖြင့် ၎င်းသားသတ်လုပ်ငန်းကို သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ကြံဖိုစုရွာသား**

### အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၄) ထိန်ကုန်းရပ် မူလတန်းကျောင်းအနီး ချောင်းနံဘေးရှိ နေအိမ်တစ်အိမ်၏ ခြံဝင်းအတွင်း ငါး ငါးပိလုပ်ငန်းမှ အနံ့ဆိုးများ နေ့စဉ်နှင့်အမျှ ပတ်ဝန်းကျင်သို့ လွင့်ပျံ့နေသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသောကြောင့် ထိုငါး ငါးပိလုပ်ငန်းကို သင့်လျော်ရာသို့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူ**

### အညစ်အကြေးနံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင့်-**

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ(၉) နယ်မြေအတွင်းတွင် ဝက်သတ်ရုံ(သားသတ်)လုပ်ငန်းများ များပြားလာပြီး ၎င်းလုပ်ငန်းမှ အနံ့ဆိုးများ မခံနိုင်ခြင်း၊ တစ်ညလုံး မီးစက်(စက်ကြီး)များ နားမခံနိုင်အောင် မောင်းထားခြင်း၊ သားသတ်ထားသော အညစ်အကြေးများ စည်းကမ်းမရှိ လွှင့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် ဝက်သတ်ရုံကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူ**

### သစ်စက်အင်ဂျင်စက်သံဆူညံမှု ဆောင်ရွက်ပြီးဖြစ်

၂၁-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သစ်စက်နှစ်စက်မှ အင်ဂျင်စက်သံဆူညံသံများ၊ သစ်အမှုန်များကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ၂၁-၇-၂၀၁၀ရက်တွင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

### ရေဆိုးနှင့် အညှော်နံ့ဆိုးများ ဆောင်ရွက်ပြီးစီး

၅-၇-၂၀၁၀ရက်ထုတ်နှင့် ၁၅-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျိုက်လတ်မြို့ အမှတ် (၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ဂက်(စ်)ဓာတ်ငွေ့သုံး စပါးခွံစက် လည်ပတ်ရာမှထွက်ရှိသော ရေဆိုးနှင့် ညှော်နံ့ဆိုးကြောင့် ပတ်ဝန်းကျင်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများ၏ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၈-၆-၂၀၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **သရက်မြို့ ဈေးရပ်သံကြိုးလမ်းဘေးရှိ ယခင်အုတ်ရေမြောင်းလမ်း ရေစီးရေလာ မကောင်းသဖြင့် လမ်းအတွင်းနေသူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

## ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

ကချင်ပြည်နယ် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်၁၃ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးစံပြဆုရ ကျောင်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကျောင်းကျန်းမာရေးပြခန်းများ၊ မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးနေမှုနှင့် ကျောင်းဆောင်များအတွင်း ခြင်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောက်ဆည်၊ ပလိပ်နှင့် ရမည်းသင်းမြို့တို့ရှိ စက်ရုံများ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ်၂၁ရက် နံနက် ၁၀ နာရီခွဲက ကျောက်ဆည်မြို့ ဝင်းသူဇာ အရောင်းဆိုင်သို့ ရောက်ရှိပြီး ပစ္စည်းများရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ပလိပ်ချည်မျှင်၊ အထည်နှင့် အချောကိုင် စက်ရုံသို့ရောက်ရှိပြီး စက်သစ်များတပ်ဆင်ထားရှိမှုနှင့် ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ တိုင်ချည်ရှည်စက်၊ ချည်ကတော့စက်၊ ရက်ဖောက်စက်၊ ရက်ကန်းစက်များ၏ ကုန်ထုတ်လုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံ၏ ကေဖ်ဝ ငွေချည်(၆) မိုးဝါများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက ရမည်းသင်းမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းအထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး ကုန်ကြမ်းချည်လုံးများ၊ စက်ရုံမှ ထုတ်လုပ်သော ဆေးဆိုးပန်းရိုက်အထည်များနှင့် စက်များ၏ ကုန်ထုတ်လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး ဆပ်ပြာအမျိုးမျိုး၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



## စာအုပ် စာပေ လှူ့မိတ်ဆွေ

## စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကဘင်ကြီးအုပ်စု ဘီခိုကျေးရွာ သုတပညာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံမြအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က သတ်မှတ်စံ(၅)ရပ်နှင့်ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးကို ဆွေးနွေးသည်။

**လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသ စာအုပ်စာစောင် ၁၅၀၊ လက်ထောက် ပညာရေးမှူး ဦးမျိုးညွန့်က ဒို့ကျေးရွာစာစောင် ၂၄စောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ခြောက်လစာအတွက် သတင်းစာ ၁၈၀၊ ကျေးရွာရပ်မိရပ်ဖ ဦးကျော်ကြီးက ကျေးရွာစာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)



အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးသာယာလှပရေးနှင့် ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

## နမ့်စန်မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်

နမ့်စန် ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၈ရက် ညနေ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်ဘောလုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်ဆန်းက အားကစားစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌတို့က ယှဉ်ပြိုင်မည့်ဘောလုံးအသင်းများကို လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်း၁၆ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဖွင့်ပွဲတွင် အမှတ်(၁)ရပ်ကွက် (က) ဘောလုံးအသင်းနှင့် အမှတ်(၄)ရပ်ကွက် (က)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြသည်။

(၁၈၉)



## သဘာဝဘေးသတင်းပဒေသာ

မြင့်မောင်စိုး-စုစည်းသည်

### တရုတ်ရေကြီးမြေပြိုမှု လူ၁၄၀၀ကျော် သေဆုံးခဲ့ရ

ဂန်ဆု ဩဂုတ် ၂၃

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ်အနောက်မြောက်ပိုင်း ကျို့ကျူဒေသ၌ ရေကြီးမြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့သဖြင့် ဩဂုတ် ၂၂ ရက်အထိ သေဆုံးသူ ၁၄၃၅ဦးရှိပြီး ၃၀၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)** **အမ်အင်န်အေ၊ ဆင်ဟွာ**



### အတ္တလန္တိတ်၌ ဒန်နီလီမုန်တိုင်းဖြစ်ပေါ်နေ

မီယာမီ ဩဂုတ် ၂၃

အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင်ဖြစ်ပေါ်နေသော ဒန်နီလီအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဩဂုတ် ၂၄ ရက် ညပိုင်း၌ ဟာရီကိန်းအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါမုန်တိုင်းသည် ၂၀၁၀ ခုနှစ် အတ္တလန္တိတ် ဟာရီကိန်းရာသီတွင် စတုတ္ထမြောက် ဟာရီကိန်းဖြစ်ပြီး ကိတ်ဗာဒီကျွန်းတောင်ဘက် ၇၂၅ မိုင်အကွာ၌ တည်ရှိနေသည်။ အနောက်မြောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

### ဖရန့်စ်မုန်တိုင်း မက္ကဆီကိုဝင်ရောက်ဖွယ်

မက္ကဆီကို ဩဂုတ် ၂၃

မက္ကဆီကို အနောက်တောင်ကမ်းလွန်တွင် ဩဂုတ် ၂၃ ရက်က ဖရန့်စ်မုန်တိုင်းဖြစ်ပေါ်လျက်ရှိကြောင်း၊ ဩဂုတ် ၂၄ ရက်တွင် ဟာရီကိန်းအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ပြောကြားသည်။

**ဝင်ရောက်နိုင်**

အဆိုပါမုန်တိုင်းသည် တစ်နာရီ ၄၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိရာ မက္ကဆီကို အနောက်တောင်ကမ်းခြေတစ်လျှောက် ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

### တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ ရေကြီးမှု လူပေါင်း ၂၅၃၀၀၀ကျော် ပြောင်းရွှေ့ပေးခဲ့ရ

ရှန်ရန်း ဩဂုတ် ၂၃

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူပေါင်း ၂၅၃၅၀၀ အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောင်းရွှေ့**

အဆိုပါရာထောင်ချီသော ဒေသခံများအား ဩဂုတ် ၂၁ရက်နှောင်းပိုင်းမှ ၂၂ရက်အထိ ၂၄ နာရီအတွင်း ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ ဒန်ဒေါင်းမြို့၌ ရေကြီးမှုကြောင့် လေးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

ယင်းမြို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသော မြောက်ကိုရီးယားနိုင်ငံ၌လည်း ယာလု မြစ်ရေလျှံခဲ့သဖြင့် လူပေါင်း ၅၀၀၀ ကျော်အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

### ပါကစ္စတန်ရေဘေးလှူဒါန်းငွေ စုစုပေါင်းဒေါ်လာသန်း ၈၀၀ ကျော်ရရှိထား

အစ္စလမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ၌ ကြုံတွေ့နေရသော ရေကြီးမှုသဘာဝဘေးအန္တရာယ်ဒုက္ခသည်များအားကူညီရန် လှူဒါန်းပြီး သို့မဟုတ် ကတိပြုထားသည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရှိသည်။

ယင်းတို့အနက် အမေရိကန်က ၁၀၂ သန်း၊ ဆော်ဒီအာရေဗျ ၆၅ ဒသမ ၃ သန်း၊ ဗြိတိန် ၆၄ ဒသမ ၇၆ သန်း၊ ဥရောပကော်မရှင် ၅၄ ဒသမ ၁၅ သန်း၊ ဩစတြေးလျ ၃၁ဒသမ၆၂ သန်း၊ ကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေအဖွဲ့က ၁၆ ဒသမ ၆၀ သန်း၊ နော်ဝေ ၁၄ ဒသမ ၈၁ သန်း၊ ဂျပန် ၁၄ ဒသမ ၄၄ သန်း၊ ဂျာမနီ ၁၂ ဒသမ ၄၄ သန်း၊ တူရကီ ၁၁ ဒသမ ၇၇ သန်း၊ ဒိန်းမတ် ၁၁ ဒသမ ၇၄ သန်း၊ ဆွီဒင် ၉ ဒသမ ၉၈ သန်း၊ တရုတ် ၉ ဒသမ ၂၆ သန်း၊ ဖင်လန် ၅ ဒသမ ၇၇ သန်းနှင့် စပိန်က ၅ ဒသမ ၅၁ သန်း ပါဝင်လှူဒါန်းထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

## ပထမအကျော့ရှုံးကြေးကိုဆပ်ခဲ့တဲ့ မနောမြေ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင် / စာမျက်နှာဖွဲ့စည်းမှု လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယ အကျော့ပွဲစဉ် (၁၃) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မနောမြေအသင်းက ဥဿာ ယူနိုက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

**မနောမြေ - နှစ်ဂိုး။**
**ဥဿာယူနိုက်တက် - တစ်ဂိုး။**

မနောမြေအသင်းဟာ ပထမပိုင်းကတည်းက ဥဿာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၄၉ မိနစ်မှာတော့ မနောမြေ ဂိုးစရခဲ့ပါတယ်။ ဥဿာ နောက်တန်းလူ ကျုံဘောဖမ်းတာကို အခွင့်ကောင်းယူပြီး ကျော်မျိုးဝင်းက သွင်းယူခဲ့တာဖြစ်ပါတယ်။ မနောမြေအသင်းဟာ ပွဲချိန်၇၆ မိနစ်မှာ ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အသင်းခေါင်းဆောင် ဝင်းဇော်အောင်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။

**ရည်မှန်းချက်**

ဥဿာအတွက် နှစ်သိမ့်ဂိုး တစ်ဂိုးကိုတော့ ပွဲချိန်၈၄ မိနစ်မှာ ထွန်းမင်းဦးက သွင်းယူပေးခဲ့ပါတယ်။ နှစ်ပွဲဆက်ရှုံးပွဲတွေ့ခဲ့လို့ ဥဿာအသင်းရဲ့ အဆင့်(၅)အတွင်း ဝင်ရေးရည်မှန်းချက်တွေ ဝေးသွားခဲ့ရပါတယ်။ **(မြန်မာ့အလင်း)**



ဥဿာတိုက်စစ်မှူး ထွန်းမင်းဦး၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မနောမြေ ဂိုးသမား မိုင်ထွယ်အောင် ကာကွယ်စဉ်။

**ပွဲစဉ်(၁၃)အပြီး အသင်းများ၏ ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ရတနာပုံ | ၁၂ | ၈ | ၃ | ၁ | ၂၇ | ၉ | ၂၇ |
| ၂ | ကမ္ဘောဇ | ၁၂ | ၈ | ၂ | ၂ | ၁၇ | ၆ | ၂၆ |
| ၃ | ဇေယျာရွှေမြေ | ၁၂ | ၇ | ၄ | ၁ | ၂၃ | ၁၀ | ၂၅ |
| ၄ | ရန်ကုန်ယူနိုက်တက် | ၁၁ | ၆ | ၃ | ၂ | ၂၃ | ၆ | ၂၁ |
| ၅ | ဆောက်သမ်း | ၁၂ | ၆ | ၂ | ၄ | ၂၆ | ၁၉ | ၂၀ |
| ၆ | မကွေး | ၁၁ | ၆ | ၂ | ၃ | ၂၁ | ၂၀ | ၂၀ |
| ၇ | ဒယ်လ်တာယူနိုက်တက် | ၁၂ | ၄ | ၂ | ၆ | ၁၆ | ၂၀ | ၁၄ |
| ၈ | ဥဿာယူနိုက်တက် | ၁၂ | ၄ | ၂ | ၆ | ၁၃ | ၁၇ | ၁၄ |
| ၉ | မနောမြေ | ၁၂ | ၄ | ၁ | ၇ | ၁၇ | ၂၂ | ၁၃ |
| ၁၀ | နေပြည်တော် | ၁၂ | ၁ | ၁ | ၁၀ | ၁၃ | ၂၂ | ၄ |
| ၁၁ | ဇွဲကပင်ယူနိုက်တက် | ၁၂ | - | - | ၁၂ | ၂ | ၄၀ | - |

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

### ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ကက)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာန အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌(ကက) အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ယှဉ်ပြိုင်ကစား**

ဩဂုတ် ၂၄ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ခခ) အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ကျောက်ချော လမ်းခင်း

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်သီရိ(က) လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။**

(သတင်းစဉ်)



### ဘိန်းခင်း ၂၀၃၈၇ဒသမ ၀၄ ဧက နိုင်ငံတစ်ဝန်း ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၃

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဩဂုတ် ၁၃ရက်အထိ ဘိန်းခင်း ၂၀၃၈၄ ဒသမ ၀၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် ဩဂုတ် ၁၄ရက်မှ ၂၀ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် နောင်တောင်းကျေးရွာအနီး၌ ဘိန်းခင်းသုံးဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ ၂၀၃၈၇ဒသမ ၀၄ဧကဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### သံတောင်ကြီးမြို့နယ်၌သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၂၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးစိန်မြသည် ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းတွင် သပြေညွှန့်ကျေးရွာမှ မုတ္တိညောင်ကျေးရွာသို့ ငါးရှာသွားစဉ် သပြေညွှန့်ကျေးရွာနှင့် ရှစ်မိုင်ခန့်အကွာ၌သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းဟောင်းတစ်လုံး နင်းမိခဲ့သဖြင့် ယာခြေချင်းဝတ် အထက်ပြတ်ဒဏ်ရာရရှိခဲ့သောကြောင့် တောင်ငူမြို့နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း၊ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးသေဆုံးပြီး အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



### ပါကစ္စတန်တောင်ပိုင်း၌ ရေကြီးမှုဖြစ်ပွားသည့်မြို့များ တိုးလာ

ဆွတ်ကာ ဩဂုတ် ၂၃

ပါကစ္စတန်တောင်ပိုင်း အင်ဒုဇ်မြစ်ရေကြီးမှု ကျယ်ပြန့်လာသဖြင့် ရေကြီးမှုဖြစ်ပွားရာမြို့သစ်များတိုးလာနေကြောင်း၊ လူပေါင်း ၁၅၀၀၀၀ခန့် ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြရကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၃ရက်တွင် ပြောကြားသည်။

**ရေဘေးကြုံ**

အဆိုပါ ရေကြီးမှု ဧရိယာကျယ်ပြန့်လာသဖြင့် မြို့ပေါင်း ဒါဇင်ချီပြီး ရေလွှမ်းလျက်ရှိကြောင်း၊ ကျေးရွာများ၌ ရေဘေးကြုံရမှု ဆိုးရွားစွာ ရင်ဆိုင်နေကြရကြောင်း **(ဝဲပုံ)** ၎င်းက ပြောကြားသည်။

**ရင်ဆိုင်**

အဆိုပါရေကြီးမှုသည် မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေ၍ အလွန်ဆိုးရွားစွာ ရင်ဆိုင်နေကြရသည်။

တစ်လကြာ ရေကြီးမှုဖြစ်ပွားခဲ့စဉ်အတွင်း ဆင်းပြည်နယ်၌ ရေဘေးဒုက္ခသည် လူပေါင်း ၆၀၀၀၀၀တို့မှာ အမိုးအကာတဲများဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရသည်။

**(အင်တာနက်)**



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေး ပြည်မြို့၌ကျင်းပ

ပြည် ဩဂုတ် ၂၂

ပြည်မြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအစည်းအဝေးကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီက လူမှုဝန်ထမ်းရုံးခန်းမ၌ ကျင်းပရာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌဦးစိုးမြင့်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဒေါ်နွယ်နွယ်ဦးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ DPVSWC Project မှ ဒေါ်ရီတာချောက ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး အဖွဲ့ဝင်များက ကလေးသူငယ်အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မန္တလေးမြို့တော်ဝန်ဦးဖုန်းဇော်ဟန် ရုံးလုပ်ငန်းမွမ်းမံသင်တန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် သင်္ဂဇာချောင်း ရေပြင်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးဆင်းမှု ကောင်းမွန်စေရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ် သတင်း ထွေတလာ



### ရေစီးရေလာကောင်းရေး

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းရေးအတွက် ဇွန် ၂၆ရက်က ရေမြောင်းဆယ်ယူရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## ပညာရည်ချွန်ဆုချီးမြှင့် ဂုဏ်ပြုပွဲ ခင်ဦးအထက၌ ကျင်းပ

ခင်ဦး ဩဂုတ် ၂၀

ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ပညာရေး ကြီးကြပ်မှု ကော်မတီ၏ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန် ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၆ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက် တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲက ပညာရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

### ချီးမြှင့်

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က လေးဘာသာဂုဏ်ထူးရှင် မလင်းလင်းအောင်အားလည်းကောင်း၊ **(အပေါ်ယာပုံ)** ခရိုင် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်းက လေးဘာသာဂုဏ်ထူးရှင် မမေသီရိထက်အားလည်းကောင်း၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်ကြီး ရဲနိုင်က သုံးဘာသာဂုဏ်ထူးရှင် လေးဦးနှင့် ဌာနဆိုင်ရာ အသီးသီးက နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးအားလည်းကောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။

### ပြောကြား

ထို့နောက် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများနှင့် မြို့နယ်အဆင့်အောင်ချက်အကောင်းဆုံး ကျောင်းများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပြီး ၂၀၁၀ ခုနှစ်တွင် ပညာရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုယ်စား လေးဘာသာဂုဏ်ထူးရှင် မလင်းလင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**



## နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဩဂုတ် ၂၃

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာစု ပရိယတ္တိကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုနှင့် မြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းပွဲသို့ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဖုန်း-၅၁၂၀၆၆၊ ၅၇၂၃၄၅၊ ၆၆၇၅၁၁၊ ၅၄၃၃၉၁နှင့် ၅၁၇၁၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**(မြန်မာ့အလင်း)**

**နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ဆောင်ရွက်နေမှုကို ဈေးသူဈေးသားများက ကိုယ်တိုင်လက်တွေ့ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ကြီးကြပ်စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ပညာသင်ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၂၂

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပညာသင်ယူနေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်ပြည်နယ် စီးပွားရေးနှင့် ဘဏ္ဍာရေး တက္ကသိုလ် (အာဆီယံကောလိပ်) ယူနန်တိုင်းရင်းသား လူမျိုးစုတက္ကသိုလ် (အရှေ့တောင်အာရှ၊ တောင်အာရှ ဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်) စစ်ဆောင်ပန်းနား ပြည်နယ်ခွဲ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကောလိပ်နှင့် ကွမ်ရှီး (ကျွမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကွမ်းရှီးတိုင်းရင်းသားလူမျိုးစု တက္ကသိုလ် (ရှမ်းစီးဟူကောလိပ်)မှ မြန်မာစာအဆင့်မြင့် တစ်နှစ်သင်တန်း၊ မြန်မာစာအခြေခံ တစ်နှစ်သင်တန်းနှင့် မြန်မာစာကျွမ်းကျင်မှုသင်တန်းသို့ တက်ရောက်နေကြသော တရုတ်ပညာသင်ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၉နာရီက သီရိရတနာခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခဌာနမှူးများ၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးမိုးမိုးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### ဖျော်ဖြေ

အာစရိယပူဇော်ပွဲတွင် ရှေးဦးစွာ တရုတ်ပညာသင် ကျောင်းသားကျောင်းသူများက တက္ကသိုလ်နန်းသီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမများအားကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ထို့နောက် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဇော်လင်း၊ မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ စိုးမိုးမိုးနှင့် မြန်မာစာဌာန ဥက္ကဋ္ဌ မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရွှေပြည်စိုးက ဆုံးမဩဝါဒစကားပြောကြားပြီး မြန်မာ-တရုတ် တေးသီချင်းများ၊ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(မြန်မာ့အလင်း)**

## စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ကသာမြို့နယ် လမ်းခွကျေးရွာ၌ဆွေးနွေး

ကသာ ဩဂုတ် ၂၀

ကသာခရိုင် ကသာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးခင်မောင်သိန်းလွင်နှင့် ဝန်ထမ်းများသည် ဩဂုတ် ၁ရက်က လမ်းခွကျေးရွာအုပ်စု လမ်းခွကျေးရွာ၊ ပင်းမလွတ်ကျေးရွာနှင့် နတ်ရေတွင်းကျေးရွာတို့၌ ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရေး ဆွေးနွေးသည်။

### ဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးက လမ်းခွကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပင်းမလွတ်ကျေးရွာနှင့် နတ်ရေတွင်းကျေးရွာတို့၌ စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေးနှင့် စာကြည့်တိုက်များ ပိုမိုရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားရာ စာကြည့်တိုက် ကော်မတီဝင်များက စာကြည့်တိုက်များ ဆောက်လုပ်နိုင်ရေး ပြန်လည်ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## လှိုင်ကော်မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာဘောလုံးပြိုင်ပွဲဖွင့်

လှိုင်ကော် ဩဂုတ် ၁၉

လှိုင်ကော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား (လူသစ်တန်း) ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ရက် ညနေက လှိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘောလုံးအသင်းများ တက်ရောက်ကြသည်။

### ယှဉ်ပြိုင်

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးတင်နု **(အောက်ပုံ)**က အမှာစကား ပြောကြားပြီးနောက် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် အသင်းအားလုံးက အားကစားကွင်း၌ နေရာယူကြကာ အားကစားအဓိဋ္ဌာန်ကို ပြိုင်တူရွတ်ဆိုကြသည်။ ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဓမ္မာရုံရပ်ကွက် ဘောလုံးအသင်းနှင့် လောဓမ္မရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လောဓမ္မရပ်ကွက်အသင်းက ဓမ္မာရုံရပ်ကွက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘောလုံးပြိုင်ပွဲသို့ ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံး အသင်း ၂၁သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ ဆက်)**



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ နယ်ခြားစောင့်တပ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား တရားဝင် လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေးဖွဲ့စည်းမှု အစီအစဉ်များအရ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ ဩဂုတ် ၂၁ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် *စာမျက်နှာ ၃ ကော်လံ ၁* ✻

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၂၃**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၁၈ရက်တွင် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်ကလည်းကောင်း၊ ဩဂုတ် ၂၁ရက်တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကလည်းကောင်း၊ ယနေ့တွင် ချင်းတိုးတက်ရေးပါတီတို့ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြကြသည်။

**ပါတီဝင်အင်အားစာရင်းတင်ပြ**

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၁)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၂၅)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မြန်မာ့အလင်း သတင်းအညွှန်း**

'တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံးနှစ်သိန်း ထုတ်လုပ်နိုင်မည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်) ဖွင့်လှစ်' သတင်းကို စာမျက်နှာ(၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

## မိုးရွာသွန်းလေသမျှ

**၂၃-၈-၂၀၁၀**

| | |
|---|---|
| နေပြည်တော်(လေဆိပ်) | ၀ ဒသမ ၉၅ လက်မ |
| ဘီးလင်းမြို့ | ၃ ဒသမ ၂၃ လက်မ |
| သိမ်ဇရပ်မြို့ | ၃ ဒသမ ၁၉ လက်မ |
| မြိတ်မြို့ | ၂ ဒသမ ၇၂ လက်မ |
| ပခုက္ကူမြို့ | ၂ ဒသမ ၄၈ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၄၀ လက်မ |

# နေတိုးတပ်ဖွဲ့ဝင်များကြောင့် အရပ်သားများ သေဆုံးနေမှု စုံစမ်းစစ်ဆေးပေးရန် ပြည်သူများ တောင်းဆို

ကဘူးလ် ဩဂုတ် ၂၃

**အာဖဂန်နစ္စတန်နိုင်ငံတွင် နေတိုးတပ်ဖွဲ့ဝင်များကြောင့် အရပ်သားများ သေဆုံးနေမှုများအပေါ် ပြည်သူများဆန္ဒပြခဲ့ကြသည်။ အဆိုပါဆန္ဒပြမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ ဘက်လန်-အီး-ဂျာဒစ်ခရိုင် လမ်းမများပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။**

နေတိုးတပ်ဖွဲ့ဝင်များက အဆိုပါဒေသ၌ အရပ်သားများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်နေကြောင်း ပြည်နယ်ဒုတိယအကြီးအကဲ အာဆာဒူလာ ရှာဘတ်က ဆင်ပွာသို့ ပြောကြားသည်။

**ပြောကြား**

နေတိုးတပ်ဖွဲ့ဝင်များက အဆိုပါဒေသရှိ နေအိမ်တစ်လုံးအတွင်း ဩဂုတ် ၂၂ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

လမ်းမများပေါ်တွင် ချီတက်ဆန္ဒပြနေသောပြည်သူများက နေတိုးဆန့်ကျင်ရေး ကြွေးကြော်သံများ ကြွေးကြော်လျက် ဆန္ဒပြခဲ့ကြကြောင်း၊ အရပ်သားများသေဆုံးမှုအတွက် စုံစမ်းစစ်ဆေးပေးရန်လည်း တောင်းဆိုခဲ့ကြသည်။ **အမ်အင်န်အေ၊ဆင်ပွာ**

## ကမ္ဘာပေါ်ရှိ နိုင်ငံ ၅၀ကျော်အတွက် လက်နက်များ တင်ပို့ရောင်းချနိုင်ဟု အီရန်ကြေညာ

**တီဟီရန် ဩဂုတ် ၂၃**

အီရန်နိုင်ငံ၏ တက်ကြွသောကာကွယ်ရေးလုပ်ငန်းက နိုင်ငံပေါင်း ၅၀ကျော်သို့ လက်နက်များ ဖြန့်ဖြူးရောင်းချနိုင်စွမ်းရှိကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးချုပ် အာမက်ဗာဟီဒီက ထုတ်ဖော်ပြောကြားလိုက်သည်။

**ပြောကြား**

မျက်မှောက်ကာလတွင် လွတ်လပ်သည့် စက်မှုလုပ်ငန်းကိုအသုံးပြုပြီး မိမိတို့နိုင်ငံ၏ ပြည့်စုံသည့် ကာကွယ်ရေးလုပ်ငန်းက ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၅၀ကျော်အတွက် လက်နက်များ တင်ပို့ရောင်းချနိုင်စွမ်းရှိကြောင်း ကာကွယ်ရေးဝန်ကြီးဗာဟီဒီက အမျိုးသားကာကွယ်ရေးနေ့အကြိုကာလတွင် ပြောကြားလိုက်သည်။ အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်စပ်လျဉ်း၍ တိုက်ခိုက်ရန် ခြိမ်းခြောက်ခဲ့နေသည့်ကြားမှပင် အီရန်ကာကွယ်ရေးဝန်ကြီး ဗာဟီဒီက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ **(အင်တာနက်)**



**မက္ကဆီကိုနိုင်ငံ တီဂျူနာမြို့မှ လာသော မော်တော်ယာဉ် သုံးစီးပေါ်မှ ဖမ်းဆီးရမိသော ဆေးခြောက်နှစ်တန်ကို စစ်ဆေးရေးဂိတ်၌ ဩဂုတ် ၂၃ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# မနီလာမြို့လယ်ကောင်၌ ပြန်ပေးဆွဲမှု ဖြစ်ပွား ဟောင်ကောင်ခရီးသွား အချို့သေဆုံးခဲ့

## ပြန်ပေးဆွဲသူ ရဲအရာရှိဟောင်းအား ပစ်ခတ်ဖမ်းဆီးခဲ့ရ

မနီလာ ဩဂုတ် ၂၃

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့လယ်တွင် ဩဂုတ် ၂၃ရက် နံနက်ပိုင်းက ကမ္ဘာလှည့်ခရီးသည်ဘတ်စ်ကားတစ်စီး ပြန်ပေးဆွဲခံရပြီးနောက် ပစ်ခတ်မှုဖြစ်ပွားသဖြင့် ဟောင်ကောင်ခရီးသွားဧည့်သည်ခုနစ်ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။** (အောက်ပုံ)

အဆိုပါ ပစ်ခတ်မှုကြောင့် ရှစ်ဦး ဒဏ်ရာရရှိပြီး ၎င်းတို့အနက် နှစ်ဦးမှာ စိုးရိမ်ရကြောင်း၊ ပြန်ပေးဆွဲသူမှာ ရဲအရာရှိဟောင်း ရိုလန်ဒိုမန်ဒိုဇာ ဖြစ်ကြောင်း၊ ၎င်းသည် အမ် ၁၆ ရိုင်ဖယ် သေနတ်ကိုင်ပြီး ပြန်ပေးဆွဲခဲ့ ခြင်းဖြစ်ကြောင်း၊ ဒေသဆိုင်ရာ ရဲအဖွဲ့က ဓားစာခံများ လွတ်မြောက်ရေး အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားစဉ် ရိုလန်ဒို မန်ဒိုဇာမှာ သေဆုံးခဲ့ရကြောင်း၊ ဒဏ်ရာရသူများအား မနီလာရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့ထားရကြောင်း တာဝန်ရှိသူများက ပြောသည်။

ဩဂုတ် ၂၃ရက် ညပိုင်းတွင် ဟောင်ကောင်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာမည့် ဟောင်ကောင်ခရီးသွား ၂၁ဦး၏ မိသားစုဝင်များလည်း ပါဝင်ခဲ့ကြောင်း အစိုးရကြေညာချက်တွင် ဖော်ပြသည်။

ပြန်ပေးဆွဲခံရသည့် ကားပေါ်တွင် ဟောင်ကောင် ခရီးသွား ၁၅ဦး အပါအဝင် ကားပေါ်တွင် ခရီးသည် ၂၅ဦး လိုက်ပါခဲ့ရာ လက်နက် ကိုင်ထားသော ရဲအရာရှိဟောင်း မန်ဒိုဇာက ကားကို ရပ်တန့်စေပြီး ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကနဦးတွင် ပြန်ပေးဆွဲသူနှင့် ရဲအဖွဲ့၏ ညှိနှိုင်းမှုဖြင့် ဟောင်ကောင်ခြောက်ဦးနှင့် ဖိလစ်ပိုင် သုံးဦးကို လွှတ်ပေးခဲ့ကြောင်း၊ ၎င်းတို့မှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြောင်း။

မန်ဒိုဇာက ပစ်ခတ်မှုမဖြစ်ပွားမီ အစားအသောက်များ တောင်းဆိုခဲ့ကြောင်း၊ လေအေးပေးစက်ကိုလည်း အပြည့်ဖွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**စီးနင်း**

နောက်ဆုံးတွင် ခရီးသည် ၁၅ဦး ကားပေါ်၌ ကျန်နေစဉ် ဒေသဆိုင်ရာ ရဲအဖွဲ့က ကျည်ကာအင်္ကျီများ ဝတ်ဆင်ပြီး အဆိုပါ ဘတ်စ်ကားအနီးသို့ ချဉ်းကပ်ခဲ့သည်။

**သေဆုံး**

ထို့နောက် ပြန်ပေးဆွဲသူက ဘတ်စ်ကားအတွင်းမှ သေနတ်ဖြင့် ပစ်ခတ်ရာ ရဲအဖွဲ့က ပြန်လည်ပစ်ခတ်ပြီး ဘတ်စ်ကားကို ဝင်ရောက်စီးနင်းခဲ့သဖြင့် ဟောင်ကောင် ခရီးသွားဧည့်သည် ခုနစ်ဦးနှင့် ပြန်ပေးဆွဲသူတို့ သေဆုံးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

**အမ်အင်န်အေ၊ရိုက်တာ**




# အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် အာဖဂန် ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံး

*ကဘူးလ် ဩဂုတ် ၂၃*

*အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံတကာတပ်ဖွဲ့ဝင်များက တာလီဘန်သူပုန်များအား ထိန်းချုပ်နိုင်ရန် စစ်ဆင်ရေးကို အရှိန်မြှင့်လုပ်ဆောင်နေချိန်တွင် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ရဲစခန်းတစ်ခုတွင် ဩဂုတ် ၂၂ရက်က ပစ်ခတ် တိုက်ခိုက်ခံရပြီး ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးနေသည်ကို တွေ့ရှိရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အောက်ပုံ)*



*သေဆုံး*

*ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် အချင်းချင်းမှားယွင်းပစ်ခတ်၍ အာဖဂန်ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း နေတိုးတပ်ဖွဲ့က ပြောကြားသည်။*

*ဖော်ပြ*

*၎င်းရဲတပ်ဖွဲ့ဝင် ခြောက်ဦးသည် ဟယ်လ်မန့်ပြည်နယ် ဂရစ်ခရိုင်၌ သေနတ်ပစ်ခံရပြီး သေဆုံးခြင်းဖြစ်သည်။ မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်သည်ကို မသိရသေးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ (အင်တာနက်)*

## ရုရှားတောမီးအတွက် တရုတ်ကူညီ

**ပေကျင်း ဩဂုတ် ၂၃**

ရုရှားနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ဒသမ ၉သန်း တန်ဖိုးရှိ ပစ္စည်းကိရိယာများကို တရုတ်နိုင်ငံမှ ရုရှားနိုင်ငံသို့ ဩဂုတ် ၂၁ရက်တွင် အကူအညီပေးပို့လိုက်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပါဝင်**

အကူအညီပစ္စည်းများတွင် ဓာတ်ငွေ့ကာကွယ်သည့် မျက်နှာဖုံး ၂၀၀၀၊ မီးငြိမ်းသတ်သည့် ဓာတ်ငွေ့ဘူး ၄၀၀၀၊ မီးငြိမ်းသတ်သည့် ယူနီဖောင်း ၁၄၀၀နှင့် အသက်ရှူကိရိယာ ၉၀၀တို့ ပါဝင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ပွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### အီရန်ဒုံးပျံကာကွယ်ရေးစနစ် လက်ဘနွန်ရရှိမည်

*အီရန်နိုင်ငံက လက်ဘနွန်နိုင်ငံသို့ ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ဖြူးမည်ဖြစ်ကြောင်း လက်ဘနွန်သတင်းဌာနက ဩဂုတ် ၂၂ရက်တွင် ကြေညာသည်။*

### ဆက်ဆံရေးထိခိုက်စေသည့် သမ္မတ၏အမိန့်

*အာဖဂန်နစ္စတန်နိုင်ငံအတွင်း လောလောဆယ်တွင် ဝန်ထမ်း ၃၀၀၀၀ဖြင့် လည်ပတ်နေသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ ၅၀ကျော်ရှိရာ ၎င်းတို့၏လုပ်ငန်းများကို လေးလအတွင်းရပ်ဆိုင်းရန် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက အမိန့်ထုတ်ပြန်လိုက်သည်။ ထိုအမိန့်ကြောင့် အမေရိကန်နှင့် အာဖဂန်နစ္စတန်တို့၏ဆက်ဆံရေး ထိခိုက်စေသည်ဟု ဆင်ပွာသတင်း၌ ဖော်ပြပါရှိသည်။*

### မြောက်ဝါဇီရစ္စတန်၌ လက်နက်ကိုင် လေးဦးသေဆုံး

*ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသအတွင်း ဩဂုတ် ၂၃ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်များဖြင့်ပစ်ခတ်သဖြင့် အနည်းဆုံး လက်နက်ကိုင် လေးဦးသေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)***



### ရှန်ဟိုင်းဆိပ်ကမ်း ကုန်သွယ်အမြတ်ငွေ ၅၂ရာနှုန်းတိုး

*တရုတ်နိုင်ငံခြားကုန်သွယ်ရေးတွင် အဓိကဝင်ထွက်ပေါက်ဖြစ်သည့် ရှန်ဟိုင်းနိုင်ငံတကာဆိပ်ကမ်းအုပ်စု(အက်စ်အိုင်ပီဂျီ)က ယခုနှစ်ပထမခြောက်လအတွင်း အမြတ်ငွေ၅၂ ရာခိုင်နှုန်းတိုးလာကြောင်း ကြေညာသည်။*

### အစ္စရေး-ပါလက်စတိုင်း ဆွေးနွေးပွဲမအောင်မြင်နိုင်

*စက်တင်ဘာ ၂ရက်တွင် ပြုလုပ်မည့် အစ္စရေးနှင့်ပါလက်စတိုင်း ဆွေးနွေးပွဲမှာ ရဟူဒီရပ်ကွက်အခြေချမှုရပ်ဆိုင်းရန် အစ္စရေးတို့ဘက်က တောင်းဆိုမှု ပြင်းထန်နေသည့်အတွက် အောင်မြင်နိုင်မည်မဟုတ်ကြောင်း ပါလက်စတိုင်းတို့က ကောက်ချက်ချထားသည်။*

### မြောက်ကိုရီးယား လေတပ်နှင့် ရေတပ် ကယ်ဆယ်ရေး၌ ပါဝင်

*မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်း၌ ကြုံတွေ့ရသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် မြောက်ကိုရီးယား (ဒီပီအာရ်ကေ) လေတပ်နှင့် ရေတပ်က အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြောင်း ကေစီအင်န်အေ သတင်းဌာနက ဩဂုတ် ၂၃ရက်က ကြေညာသည်။ ။ (အင်တာနက်)*

# ရောဝတီမြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသနှစ်ခုကို အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်စေမည့် ရောဝတီတံတား ရတနာသိမ်

သတင်းဆောင်းပါး-ခရမ်းစိုးမြင့် ❍ ဓာတ်ပုံ-မိုးမြင့်လှိုင် ❍ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

**နေပြည်တော် ဩဂုတ် ၂၃**

အနောက်မြောက်ဘက်ရှိ တိုင်းမြို့တော် မုံရွာမှ ရောဝတီတံတား ရတနာသိမ်သို့ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄)က လာကြိုသောကားဖြင့် စာရေးသူတို့အဖွဲ့ လိုက်ပါလာခဲ့သည်။

## ဖြတ်သန်းတည်ဆောက်

ရောဝတီတံတား ရတနာသိမ် တည်ဆောက်ရေးစီမံကိန်းသည် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် နွယ်ငြိမ်းကျေးရွာနှင့် ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့အနီးမှ ရောဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်နေသော တံတားတစ်စင်းဖြစ်သည်။ စာရေးသူတို့စီးလာသော ကားကလေးသည် တံတားစီမံကိန်းသို့ အသွား မုံရွာမှထွက်ခဲ့ပြီး ကျောက်မြောင်းသို့ ဦးတည်လိုက်သည်။ ကျောက်မြောင်းမရောက်ခင် ရွှေဘိုကိုဖြတ်သန်းရသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ မင်းနေပြည်တော်ဖြစ်ခဲ့သော မြို့ရွှေဘို၌ မိုးရေ၊ ဆည်ရေတို့ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွေက စိမ်းစိုလန်းဆန်းလျက်ရှိသည်။

ရွှေဘိုမှ ၁၈မိုင်ခန့်မောင်းလာခဲ့သော် တံတားစီမံကိန်းတည်ရှိရာ နွယ်ငြိမ်းသို့ ရောက်ရှိသည်။

## ရတနာသိမ်တံတား

ရောဝတီတံတား ရတနာသိမ် တည်ဆောက်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ အထက်ပိုင်း စစ်ကိုင်းတိုင်း ဒေသကြီးမှ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ လျင်မြန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အကြီးအကဲက ဇန်နဝါရီ ၂၅ရက်တွင် လျာထားနေရာကို လမ်းညွှန်ခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် ဆောက်လုပ်ခွင့်ပြုခဲ့သော တံတားဖြစ်သည်။ ထို့အပြင် နိုင်ငံတော်အကြီးအကဲက ယခုတည်ဆောက်သည့် ရောဝတီမြစ်ကူး နှစ်လမ်းသွားကားလမ်းတံတားကြီးကို ဖေဖော်ဝါရီ ၄ ရက်တွင် ရတနာသိမ် တံတားဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

ထို့နောက် မတ် ၅ရက်နေ့ကကျင်းပသော အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၀)တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ရတနာသိမ်တံတား တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်သည့် တံတားဆိုင်ရာ အချက်အလက်များကို တင်ပြခဲ့ရာ အတည်ပြုချက် ရရှိခဲ့သည်။

တံတားအင်္ဂါရပ်နှင့် စံချိန်စံညွှန်းများမှာ-

| | | |
|---|---|---|
| **တံတားအမည်** | - | ရတနာသိမ်တံတား၊ |
| **တည်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့၊ |
| **တံတားအရှည်** | - | ပေ၂၄၈၀ သံပေါင်အရှည် ၂၂၁၁ပေ၊ |
| **ခန်းဖွင့်ဖွဲ့စည်းပုံ** | - | ၇၅၆မီတာ (၂၀မီတာ×လေးခန်း+၁၁၂မီတာ× ခြောက်ခန်း) |
| **ယာဉ်သွားလမ်းအကျယ်** | - | ၂၈ပေ (နှစ်လမ်းသွားကားလမ်း) |
| **လူသွားလမ်းအကျယ်** | - | တစ်ဖက်လျှင်သုံးပေ (နှစ်ဖက်)၊ |
| **တံတားအမျိုးအစား** | - | အောက်ထည်သံကူကွန်ကရစ် လွန်တူးပိုင်တိုင်အုတ်မြစ်၊ အပေါ်ထည် သံမဏိသံပေါင်နှင့် သံကူကွန်ကရစ် ကြမ်းခင်း၊ |
| **ရေလမ်းကင်းလွတ်အကျယ်** | - | ပေ ၃၂၀၊ |
| **ရေလမ်းကင်းလွတ်အမြင့်** | - | ၄၇ပေ (အမြင့်ဆုံးရေမှတ်)၊ |
| **တံတားခံနိုင်ဝန်** | - | HS.25 ၄၅တန် နှစ်လမ်းသွား ၇၅တန် (ယာဉ်တစ်စီးချင်း)၊ |
| **တံတားချဉ်းကပ်လမ်း** | - | ရောဝတီမြစ်အရှေ့ဘက် စဥ့်ကူး၏ချဉ်းကပ်လမ်းအရှည် သုံးမိုင်နှစ်ဖာလုံခန့်၊ ရောဝတီမြစ်အနောက်ဘက် နွယ်ငြိမ်း၏ ချဉ်းကပ်လမ်းအရှည် နှစ်မိုင်ခန့်ဖြစ်သည်၊ |
| **ရတနာသိမ်တံတား၏ ခန့်မှန်းတန်ဖိုး** | - | ပြည်တွင်းသုံးငွေကျပ် ၆၃၃၆ သန်း၊ ပြည်ပသုံးငွေကျပ် US$ လေးသန်း။ |

ရောဝတီမြစ်၏ အနောက်ဘက်ခြမ်း ရတနာသိမ်တံတားခြေရင်းတွင် နွယ်ငြိမ်းဆိုသောရွာကလေးရှိသည်။ နွယ်ငြိမ်းသည် ကျေးရွာအုပ်စုဖြစ်ပြီး နွယ်ငြိမ်းတစ်ရွာတည်း၌ အိမ်ခြေပေါင်း ၃၀၀ကျော်နှင့် လူဦးရေ ၁၇၀၀ကျော်ရှိသည်။ အဓိက စီးပွားရေးလုပ်ငန်းမှာ စဥ့်လုပ်ငန်းဖြစ်သည်။ ထိုစဥ့်လုပ်ငန်းဖြစ်ပေါ်လာပုံမှာ ၁၇၅၆ခု အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ပြည်ထောင်စုနယ်မြေ တိုးချဲ့စဉ်အခါက မွန်တို့ဒေသသည် ပဲခူး၊ မုတ္တမ၊ မော်လမြိုင် မြို့ရွာနယ်ပယ်များမှ အခြားပန်းဆယ်မျိုး ပညာရှင်များနည်းတူ အိုးလုပ်ငန်းကျွမ်းကျင်သော ပညာရှင်များကို မင်းနေပြည်တော် ရွှေဘိုသို့ခေါ်ခဲ့ပြီး စဥ့်အိုးပညာများကို သင်ကြား၍ အသက်မွေးဝမ်းကျောင်း ပြုစေခဲ့သည်ဆို၏။

## ထုတ်လုပ်

ထိုအချိန်မှစ၍ စဥ့်ပညာရှင်များသည် နွယ်ငြိမ်းကျေးရွာ အပါအဝင်ပတ်ဝန်းကျင် ကျေးရွာများ၌ အခြေစိုက်နေထိုင်ကြပြီး စဥ့်အိုးလုပ်ငန်းလုပ်ကိုင်ရန် ထိုဒေသ၌ အိုးမြေများရှာဖွေတွေ့ရှိသဖြင့် အလောင်းမင်းတရားကြီးထံ တင်ပြရာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ က အိုးမြေများ နန်းတော်အောက်မှတွေ့လျှင် နန်းတော်ကို ပင်ဖယ်ပေး၍ အိုးလုပ်ငန်းကို လုပ်ကိုင်စေရမည်ဟု တစ်ကြောင်းစာချွန် ထုတ်ပေးခဲ့ဖူးကြောင်း သိရသည်။ ယခုအခါ နွယ်ငြိမ်းတွင် ကလေးကစားစရာ အိုးပုတ်၊ ချိုးရပ်များ၊ ပန်းအိုးအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းပုံစံမျိုးစုံနှင့် ပိဿာ ၁၅၀ ဝင် အိုးကြီးမှ ငါးပိဿာဝင်အထိ အမယ်ပေါင်း ၅၀ ကျော် ထုတ်လုပ်လျက်ရှိသည်ဟု သိခဲ့ရသည်။

## နွယ်ငြိမ်းကျေးရွာသမိုင်းအကျဉ်း

ပထမ အင်းဝခေတ် မြန်မာသက္ကရာဇ် ၇၂၆-၇၂၈ ခုနှစ်အတွင်း သတိုးမင်းဖျား လက်ထက်က သိုဟန်ဖွားများ ဝင်ရောက်လာသဖြင့် အင်းဝနေပြည်တော်မှ ဘုရင့်အနွယ်တော်များနှင့် ပြည်သူများသည် အထက်မြန်မာပြည်သို့ ထွက်ပြေးတိမ်းရှောင်ပြီး လက်ရှိဒေသအတွင်း အခြေချလုပ်ကိုင်နေထိုင်ခဲ့ကြသည်။

ညောင်ရမ်းမင်းဆက် ခုနစ်ဆက်မြောက် ရမည်းသင်းမင်း(ခေါ်)မင်းရဲကျော်ထင်၊ ဝမ်းဘဲအင်းခံမင်း(ခေါ်) အင်္ဂါမင်းလေးမည်ရမင်းလက်ထက်တွင် ၁၀၃၄ ခုနှစ် တန်ခူးလဆန်း နန်းတက်သည့်အခါ နိုင်ငံတော်ကို ပြန်လည်စိစစ်စည်းကြပ်ရာ ယခုနွယ်ငြိမ်းဒေသအတွင်းရှိ ပြည်သူများမှာ အင်းဝနေပြည်တော်မှ ရှောင်တိမ်းလာသော အနွယ်တော်များဖြစ်ပြီး အေးငြိမ်းစွာနေကြသည်ဖြစ်၍ အကောက်ခွန်လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်ဟုဆိုသည်။နောင်တွင် အနွယ်တော်ငြိမ်းဟု ကျေးရွာအမည်တွင်ခဲ့ပြီး ကာလဝေါဟာရ ဆင်းသက်လာမှုအရ နွယ်ငြိမ်းဟု ဖြစ်လာခဲ့ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

စာရေးသူတို့အဖွဲ့သည် ရောဝတီတံတား ရတနာသိမ် တည်ဆောက်ရေးစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၁၄)မှဆောင်ရွက်လျက်ရှိသော ဘိုးပိုင်လုပ်ငန်း၊ PILECAP လုပ်ငန်း၊ PIER. SHAFT လုပ်ငန်းနှင့် CROSS BEAM လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားထိပ်နှစ်ဖက်တွင် သက်ဆိုင်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီတို့၏ ချဉ်းကပ်လမ်းဖောက်လုပ်နေမှုများကို ဓာတ်ပုံမှတ်တမ်းများရိုက်ကူးကြသည်။

ယင်းနောက် လုပ်ငန်းခွင်၌ စီမံကိန်း အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းအား တွေ့ဆုံမေးမြန်းရာ ဦးကျော်လင်းက မိမိသည် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတံတားအထူးအဖွဲ့(၁၄)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီးဖြစ်ကြောင်း၊ အထူးတာဝန်ပေးချက်အရ ရတနာသိမ်တံတားကြီး တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာအဖြစ် တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း၊ ဤတံတားကြီး ရေလယ်တိုင်များ၏ အုတ်မြစ်ဒီဇိုင်းပုံ တွက်ချက်နိုင်ရေးအတွက် မြေစမ်းသပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့နောက် ဧပြီ ၁၆ရက်တွင် ပန္နက်တင်မင်္ဂလာကို ဆောင်ရွက်ခဲ့ပြီး ထိုနေ့မှစ၍ စက်၊ ယာဉ်ယန္တရားများဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။

## အတွေ့အကြုံရှိ

ပင်မတံတားကြီးတစ်ခုလုံး၏လုပ်ငန်း ပမာဏပြီးစီးမှု ရာခိုင်နှုန်းမှာ ၂၀၁၀ ဇူလိုင်လအထိ ၂၃ဒသမ ၇ရာခိုင်နှုန်းဖြစ်ကြောင်း၊ လုပ်ငန်းအရှိန်အဟုန်သည် မြစ်ရေစီးနှေးသည့်နွေရာသီတွင် ရေလယ်တိုင်အုတ်မြစ်များ တည်ဆောက်ရတာ လွယ်ကူကြောင်း၊ ယခုမိုးရာသီတွင် ရေစီးကြမ်းချိန်လည်း ဖြစ်ပြီးစီမံကိန်းတံတားကြီး၏နေရာရောဝတီမြစ်၏အောက်ခြေတွင် ကျောက်ဖျာများ တွေ့ရသည့်အတွက် ကျောက်ဖျာများကို လွန်ဖြင့်ဖောက်ရန်အတွက် ရေနည်းနည်းငြိမ်သည့်အချိန် စောင့်ဆိုင်းပြီး တဖြည်းဖြည်း လုပ်ကိုင်ဆောင်ရွက်နေကြောင်း၊ မိမိတို့တွင် ကျောက်ဖျာဖောက်သည့်စက်များရှိကြောင်း၊ မိမိတို့သည် နဝဒေးတံတား တည်ဆောက်စဉ်က ရေအောက်၌ ကျောက်ဖျာတွေ့သဖြင့် လွန်နှင့် ဖောက်ပြီး တံတားတိုင်များ တည်ဆောက်ခဲ့ဖူးသည့် အတွေ့အကြုံရှိပြီး ဖြစ်ကြောင်း။



ရတနာသိမ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဘိုးပိုင်များ ကွန်ကရစ်လောင်းရာတွင် အသုံးပြုသည့် သံချည်သံကွေးများ တပ်ဆင်နေကြစဉ်။



ရတနာသိမ်တံတား၏ ကမ်းကပ်ဘိုးပိုင်များ ဆောင်ရွက်နေမှုကို ဤသို့တွေ့ခဲ့ရသည်။

## အပိုဝင်ငွေရ

တံတားတည်ဆောက်ရာတွင်မလွတ်ကင်းသည့် နွယ်ငြိမ်းကျေးရွာမှ အိမ် ၅၉လုံးနှင့် အိုးဖုတ်သည့် ဖိုကြီးသုံးလုံးကို ဖယ်ရှားပြီး သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တံတားချဉ်းကပ်လမ်းနံဘေးတွင် အိမ်များကို ပြန်လည်တည်ဆောက်ပေးခဲ့ကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ဒေသ၌ ယခုကဲ့သို့ တံတားကြီးတစ်စင်းကို နိုင်ငံတော်ကတည်ဆောက်ပေးနေ၍ ဝမ်းသာနေကြကြောင်း၊ ထို့ပြင် ၎င်းတို့အနေဖြင့် ယခုကဲ့သို့ အိုးလုပ်ငန်းနားနေချိန်ရာသီတွင် တံတားစီမံကိန်း၌ ပါဝင်လုပ်ကိုင်နိုင်၍ အပိုဝင်ငွေရနေကြကြောင်း။

## ပူးတွဲတည်ဆောက်

မိမိတို့ တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၄)သည် ယခုရတနာသိမ်တံတားကြီးနှင့်အတူ အထက်မြန်မာပြည်ရှိ တံတားကြီးငယ်များကိုလည်း ပူးတွဲတည်ဆောက်နေကြောင်း၊ တံတားအထူးအဖွဲ့(၁၄)တွင် အင်ဂျင်နီယာ အင်အား ၄၅ဦးရှိပြီး ပညာသည်ဝန်ထမ်း ၁၀၀ကျော်ရှိကြောင်း စသည်ဖြင့် ပြောကြားသည်။

## ဆက်သွယ်သွားလာနိုင်

ဤတံတားကြီး တည်ဆောက်ပြီးစီးပါက ရောဝတီမြစ် အရှေ့ဘက်ကမ်း စဥ့်ကူးမြို့မှတစ်ဆင့် မန္တလေး-မတ္တရာ-ဗန်းမော်-မြစ်ကြီးနားလမ်းသို့ရောက်ရှိပြီး ဖော့တော လမ်းဆုံမှတစ်ဆင့် မိုးကုတ်သို့လည်းကောင်း၊ တွင်းငယ်လမ်းဆုံမှ မိုးမိတ်သို့ လည်းကောင်း၊ ငါးအို့လမ်းဆုံမှ မဘိန်းသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ထို့အတူ ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ နွယ်ငြိမ်း-ကျောက်မြောင်း-ရွှေဘိုမှတစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းသို့ လည်းကောင်း၊ ရွှေဘို-ခင်ဦး-ရေဦး-ကလေးဝလမ်းသို့ လည်းကောင်း၊ ရွှေဘို-အရာတော်-မုံရွာ-ယာကြီး-ကလေးဝ-ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း အလွယ်တကူဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ပါကြောင်းတို့ကို ကွင်းဆင်းသွားရောက် လေ့လာ၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ချဉ်းကပ်လမ်းဖောက်လုပ်

**ရတနာသိမ်တံတား ကျောက်မြောင်းဘက်ကမ်း ချဉ်းကပ်လမ်းကို ဖောက်လုပ်နေစဉ်။**



# တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ

## ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၂၃

တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အသင်းလိုက် အကောင်းဆုံးဆုရရှိသောအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

**အမှာစကားပြောကြား**

ဆက်လက်၍ တိုင်းမှူးသည် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား ဗီတာမင်အားဆေးနှင့် သန်ချဆေးများ တိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များအတွက် အိုင်အိုဒင်းဆားနှင့် အားဆေးများ ဖြန့်ဝေပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြင်းခြံနှင့် တောင်သာမြို့တို့ရှိ ဘဏ္ဍာ/အခွန်လုပ်ငန်းများ ဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဩဂုတ် ၂၀ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ် မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများ တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

**စစ်ဆေး**

ဆက်လက်၍ မြင်းခြံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိစစ်ဆေးပြီးနောက် ဝန်ကြီးသည် မြင်းခြံမြို့နယ် မြန်မာ့အာမခံလုပ်ငန်း ခရိုင်ရုံးသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တောင်သာမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်ဘဏ်ခွဲနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့သို့လည်းကောင်း ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **စာလိုက် စာချ ဘက်စုံရ ထူးချွန်လှသည့် ဆရာတော်** အပိုင်း(၁)
- ၇:၁၅ ၄။ ဓမ္မပူဇာတေး
- ၇:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၁၂)
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၆:၄၀ ၁၅။ အကြင်နာလက်တစ်စုံ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၂)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မွေးမြူသုတ
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (ဇာတ်သိမ်းပိုင်း)
- ၂၅။ Mini Series (အပိုင်း-၈)
- ၂၆။ သင့်အတွက် မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၂၃

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဟန်-၂ (ဒုတိယညွှန်ကြားရေးမှူး)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်သွေး၊ မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအေးမြင့်၊ ကျောင်းအကျိုးတော်ဆောင် ဦးစိန်မြင့်၊ အမှတ်(၂)နယ်မြေ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယနယ်မြေမှူး ရဲအုပ်ဒေါ်ခင်သစ်၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(ပညာရေး)**



# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး

**ကျောက်မဲခရိုင် နောင်ချိုမြို့နယ်အတွင်း မိုးရာသီတွင်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၆ရက်က မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ် အမှာစကားပြောကြားစဉ်။** (ဝ၂၅)

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် အွန်လိုင်းမှတစ်ဆင့် အဝေးပြေးကားလက်မှတ်ဝယ်နိုင်ပြီ လက်မှတ်ဈေးနှုန်းမတိုးမြှင့်ဘဲ အင်တာနက်ဝန်ဆောင်ခနှင့် ပို့ဆောင်ခသာပေးရန်လို၊ ကွန်ပျူတာလက်ပ်တော့နှင့် Note Book အသုံးများလာပြီ၊ အင်တာနက်မဖွယ်မရာ ညစ်ညမ်းပုံလုပ်ရပ်ကို သတိပြု၊ ကားဈေးကွက် မရေရာ မသေချာတော့သဖြင့် ရင်းနှီးမြှုပ်နှံသူများ ကားဘက်တွင် စိတ်ဝင်စားမှုလျော့ကာ အခြားစီးပွားရေးဘက်ဦးလှည့်၊ မျက်နှာဖုံးသတင်းဆောင်းပါးများ၊ ကမ္ဘာ့အသက်အကြီးဆုံးဖြစ်လာသည့် အဘွားဒေါ်မြကြည်အား တွေ့ဆုံမေးမြန်းခြင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဒေါက်တာအောင်ကိုကို (စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)၊ ရဲမြင့်သိန်းတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးများ ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်ကြေညာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ရုံးစိုက်ရာဒေသများ သတ်မှတ်၊ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ၊ (ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ)၊ ခေတ်သစ်ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် တွေ့ဆုံခြင်းတို့ကို ဖော်ပြထားသည်။

ထို့အပြင် လူကူးမျဉ်းကျားမှ လမ်းဖြတ်ကူးစဉ် ယာဉ်တိုက်မှုမဖြစ်ရန် ဘတ်စ်ကားလိုင်း ၄၉၇ လိုင်းမှ ဘတ်စ်ကားစီးရေ ၈၇၀၀ကျော်အား ကြပ်မတ်သွားမည်၊ တစ်နှစ်အတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူ ၂၀၀၀ကျော် ဒဏ်ရိုက်အရေးယူ၊ ထားဝယ် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး မြန်မာ-ထိုင်း ပူးပေါင်းဆောင်ရွက်၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အိန္ဒြာကျော်ဇင်၊ မိုးယုစံ၊ ဝတ်မှုန်ရွှေရည်တို့၏ ရင်တွင်းစကားဖွင့်ဟချက်များ၊ ချစ်တာတစ်ခုတည်း အဓိကထားပြီး လက်ထပ်ဖို့ ရွေးချယ်ဖြစ်ခဲ့တဲ့ မျိုးစန္ဒီကျော် စသည့် စိတ်ဝင်စားဖွယ်သတင်းများ ပါရှိသည်။

**(သတင်းစဉ်)**

# ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ

## တောင်ဥက္ကလာပ၌ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေးသမဝါယမ လီမိတက်၏ ၂၀၀၉-၂၀၁၀ခုနှစ် ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အထက(၂) သီရိမြန်မာခန်းမ၌ မွန်းလွဲ ၁နာရီက ကျင်းပရာ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အသင်းအမှုဆောင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက ဆောင်ရွက်ပြီး သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးညိုဝင်းက ဆောင်ရွက်သည်။

**ဖတ်ကြားတင်သွင်း**

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့၏ အသင်းသား စာရင်းစစ် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားတင်သွင်း အတည်ပြုကြပြီးနောက် နုတ်ထွက်သွားသော အမှုဆောင်များ၏နေရာတွင် ဥက္ကဋ္ဌဦးအောင်ရှိန်၊ အထက(၅) ကျောင်းအုပ်ဆရာကြီး ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြသည်။ **(ဝဲပုံ)**

(၁၀၀)



**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝမ်းတွင်း အမှတ်(၂)ရပ်ကွက် ၂၉လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ရက်က အငယ်တန်းအင်ဂျင်နီယာ ဦးမောင်မောင်ကျော်နှင့်အဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန့်ဇင် ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)



# နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ညင်သာချောမွေ့စွာ အဆင့်ဆင့်တက်လှမ်း အမျိုးသားရေးလုပ်ငန်းစဉ်များအောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ

## အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးမျက်နှာစာတွင် မိမိတို့ ပူးပေါင်းပါဝင်ကြိုးပမ်း အမျိုးသားရေးအခန်းကဏ္ဍတာဝန်များကို ပိုမိုသိမြင်လာစေရေး ဆည်းပူးလေ့လာ

ရန်ကုန် ဩဂုတ် ၂၃

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ရတနာသိဃ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား စီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ ပြည်သူများ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘဝအဆင့်အတန်း မြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး ဘက်စုံကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိ စေတနာ ရှေ့ထားပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

### တက်ညီလက်ညီ

ယခုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည် မြင့်မားမှု၊ အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝရေး၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားမှသာ မိမိတို့လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်လျှင် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့်ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲနေချိန်တွင် ခေတ်မီသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်ပြေးညီ လိုက်ပါနိုင်စေရေး ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေးအကျိုးစီးပွားနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ တိမ်းပါးယိုယွင်းမသွားစေရေးအတွက် သတိနှင့် ယှဉ်ပြီး ထိန်းသိမ်း စောင့်ရှောက်နေကြရသည့် အချိန်အခါလည်း ဖြစ်ကြောင်း။

### ပိုမိုကြီးမား

ကမ္ဘာတစ်ဝန်းတွင် အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး အသွင်သဏ္ဌာန် အမျိုးမျိုးဆောင်နေသည့် ပဋိပက္ခများ၊ ဒေသတွင်း စစ်ပွဲများ၊ ပြည်တွင်းစစ်များ၊ အကြမ်းဖက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံများအတွင်း အုပ်စုဖွဲ့ ဘက်ပြိုင်မှုများ၊ စံနှစ်မျိုးထား ခွဲခြားဆက်ဆံမှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများ ပိုမိုကြီးမား နက်ရှိုင်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့အပြင် တစ်ကမ္ဘာလုံးအား ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဒေသတွင်း ပဋိပက္ခနှင့် ပြဿနာများတွင် စည်းရုံးသိမ်းသွင်းမှု၊ ဖိအားပေး အကျပ်ကိုင်မှု နည်းလမ်းအသွယ်သွယ်ဖြင့် ပါဝင်ပတ်သက် ဖန်တီးနေမှုကြောင့် မူလထက် ရှုပ်ထွေးနက်ရှိုင်းသည့် ပဋိပက္ခနှင့် ပြဿနာအသစ်များကိုလည်း တိုးပွားစေလျက်ရှိကြောင်း။

### အမျိုးသားရေးစွမ်းအား

ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့နိုင်ငံ မိမိတို့ လူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ၊ အမျိုးသားရေး ရပ်တည်ချက်များ မပျက်မယွင်းစေဘဲ နိုင်ငံတကာနှင့် ယှဉ်တွဲပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အမျိုးသားရေးစွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်သာမက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေလည်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံ ပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေး ဦးတည်ချက်ဖြင့် မိမိနိုင်ငံ မိမိဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်း ဖြစ်ကြောင်း။

ယနေ့ အချိန်အခါကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်အတူ မိမိနိုင်ငံသူ နိုင်ငံသားများ၏ အသိပညာနှင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် အနှောင့်အယှက် အဟန့်အတားအဖုံဖုံ၊ သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးတို့အား ပညာစွမ်းအားနှင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သော အမျိုးသားရေးလမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆရာ ဆရာမများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။





### ဆည်းပူးလေ့လာ

နိဂုံးချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ်ဆက်လက်ပြုစု ပျိုးထောင်နိုင်ရေးအတွက် ဖော်ဆောင်လျက်ရှိသည့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်း အောင်မြင်ရေးအတွက် ပညာရေး လုပ်ငန်းစဉ်များအပေါ် ပိုမိုသိမြင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြရန်၊ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းအဖြစ် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ညင်သာချောမွေ့စွာ အဆင့်ဆင့် တက်လှမ်းနိုင်ပြီး အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် ကြိုးပမ်းသွားကြရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး မျက်နှာစာတွင် မိမိတို့ ပူးပေါင်းပါဝင် ကြိုးပမ်းရမည့် အမျိုးသားရေး အခန်းကဏ္ဍ တာဝန်များကို ပိုမို သိမြင်လာစေရေး အတွက် ဆည်းပူးလေ့လာ သွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၁၅၀၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## အမှာစကားပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ တီဘီအဆုတ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာအမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို ဩဂုတ် ၂၈ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ(အေ)၌ ကျင်းပမည် ဖြစ်သည်။ ဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ကြည်ကြည်သင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာ ဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဦးစောဝင်းနှင့် အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ ပိုးမွှားဗေဒ အထူးကု ဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာ ဒေါ်တီတီတို့က ဟောပြောကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့တွင်လည်းကောင်း၊ ဟောပြောမည့် နံနက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမ(အေ)၌ လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

### အစီအစဉ်

**၁၃၇၂ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်**
**(အဖိတ်နေ့)**
**၂၄-၈-၂၀၁၀**
**(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညိုမင်း (တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ
၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၉။ ဇီဝိတဒါနသွေးလှူကြစို့
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန ပဉ္စမအကြိမ်မြေ့စကြာဝတ်ရွှတ်ပူဇော်ပွဲ (ပထမဆု) (အထက -၂၊ ဒဂုံ၊ အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၅:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅:၂၀ ၈။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၅:၄၅ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ…ကိုယ့်ချစ်သူ** (အပိုင်း-၁၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ငါတို့ခွန်အား မျိုးကြီး(တေးရေး-လင်းလင်း)
၁၉။ ရယ်စရာဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (ဒုတိယတွဲ)
၂၁။ ရုပ်ရှင်ပဟေဠိ

## တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၃

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း မင်ဒူလီ (Mindulle) သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ (Danang) ၏ အရှေ့ဘက် မိုင် ၁၂၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် နောက် ၄၈နာရီအတွင်း ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၄ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

# တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံးနှစ်သိန်း ထုတ်လုပ်နိုင်မည့်

# ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၃ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ အဆိုပါစက်ရုံဥပစာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံအတွက် အမြဲတမ်းမှန်ကန်နေမည့် မူဝါဒတစ်ရပ်ချမှတ်ပေးခဲ့ကြောင်း၊ ယင်းမှာ (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် (၃)အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီး ပြိုကွဲမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း။

## အဓိကလိုအပ်ချက်

ပြည်ထောင်စုစိတ်ဓာတ်ရှိရန် တိုင်းရင်းသားအားလုံးသည် ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်များ တူညီရန်လိုကြောင်း၊ ယင်းသို့ တူညီနေရန် တိုင်းရင်းသားများအားလုံး အမြဲထိတွေ့ဆက်ဆံနေကြရန်ဖြစ်ကြောင်း၊ ထိုသို့ထိတွေ့နေရန် ကားလမ်း၊ ရထားလမ်းများသည် မရှိမဖြစ်သည့် အဓိကလိုအပ်ချက်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးကို ရထားလမ်းများ ဖောက်လုပ်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရထားလမ်းများ အားလုံးပြီးသွားလျှင် အမျိုးသား မီးရထားကွန်ရက်ကြီး ဖြစ်လာတော့မည်ဖြစ်ကြောင်း။ ယင်းလမ်းများမှာ-

| စဉ် | စီမံကိန်းအမည် | ခရီးမိုင် | ဖောက်လုပ်ပြီး | ဖောက်လုပ်ရန်ကျန် |
|---|---|---|---|---|
| ၁။ | ကြံခင်း-ပခုက္ကူ | ၃၂၀ | ၂၀၄ | ၁၁၆ |
| ၂။ | မင်းဘူး-အမ်း-စစ်တွေ | ၂၅၇ | ၃၄ | ၂၂၃ |
| ၃။ | ကသာ-ဗန်းမော် | ၉၈ | ၁၇ | ၈၁ |
| ၄။ | ပျော်ဘွယ်-နတ်မောက်-မကွေး | ၉၅ | ၃၀ | ၆၅ |
| ၅။ | မိုးနဲ-ကျိုင်းတုံ | ၂၂၆ | - | ၂၂၆ |
| ၆။ | ထားဝယ်-မြိတ် | ၁၃၂ | - | ၁၃၂ |
| ၇။ | ပုသိမ်-ဘဲဂရက်-လှိုင်သာယာ | ၈၉ | - | ၈၉ |
| ၈။ | ဟင်္သာတ-ညောင်တုန်း | ၄၈ | ၁၆ | ၃၂ |
| ၉။ | ပြည်-တောင်ငူ | ၁၂၀ | ၂၀ | ၁၀၀ |
| ၁၀။ | နေပြည်တော်-တပ်ကုန်း-ပင်လောင်း | ၁၂၀ | - | ၁၂၀ |
| ၁၁။ | မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန် | ၄၇၅ | - | ၄၇၅ |
| ၁၂။ | ကလေး-ကလေးဝ-ယာကြီး-မုံရွာ | ၁၃၅ | - | ၁၃၅ |
| ၁၃။ | တောင်ငူ-ယာဒို-လွိုင်ကော် | ၁၅၀ | - | ၁၅၀ |
| | စုစုပေါင်း | ၂၂၆၅ | ၃၂၁ | ၁၉၄၄ |

ဖောက်လုပ်ရန်ခရီးမိုင် ၂၂၆၅ မိုင်
ဖွင့်လှစ်ပြီးခရီးမိုင် ၃၂၁ မိုင်
ဆောင်ရွက်ဆဲခရီးမိုင် ၁၉၄၄ မိုင်

## လဲလှယ်

ဆောင်ရွက်ဆဲ ရထားလမ်းမကြီးခရီးမိုင် ၁၉၄၄ မိုင်ကိုလည်း အမြန်ဆုံးဆောင်ရွက်ပြီး အပိုင်းလိုက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုရထားလမ်းများအားလုံး ပြီးစီးသွားပါက မြန်မာ့မီးရထားအနေဖြင့် ခရီးမိုင် ၅၄၃၅မိုင်၊ သံလမ်းမိုင် ၆၇၄၃ မိုင် ရှိလာမည်ဖြစ်ကြောင်း၊ ရထားလမ်းတစ်မိုင်တွင် ဇလီဖားတုံး ၁၄၄၈တုံး ခင်းကျင်းရမည် ဖြစ်ပြီး ရထားလမ်းသံလမ်းမိုင် ၆၇၄၃ မိုင်အတွက် ဇလီဖားတုံး ၁၆၅၀၆၈၆၄ တုံး ခင်းကျင်းရမည်ဖြစ်ကြောင်း၊ သစ်သားဇလီဖားတုံး၏ ခံနိုင်ရည်မှာ ငါးနှစ်သက်တမ်းရှိ၍ ရထားလမ်းများ အမြဲတောင့်တင်းခိုင်မာနေရန်အတွက် ငါးနှစ်တစ်ကြိမ် အဟောင်း၊ အသစ် လဲလှယ်နေရမည်ဖြစ်ပြီး တစ်နှစ်လျှင် ဇလီဖားတုံး ၃၃၀၁၃၇၀ခန့် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကွန်ကရစ်ဇလီဖားစက်ရုံများကို အောက်ပါအတိုင်း တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ-(၁) မြစ်ငယ်စက်ရုံ သုံးသိန်း၊ (၂) ပြွန်တန်ဆာစက်ရုံ တစ်သိန်း၊ (၃) မုတ္တမစက်ရုံ နှစ်သိန်း၊ (၄) ပခုက္ကူစက်ရုံ နှစ်သိန်း၊ (၅) ဥသျှစ်ပင်စက်ရုံ နှစ်သိန်း၊ (၆) ခင်ဦးစက်ရုံ နှစ်သိန်း၊ (၇) မင်းဘူးစက်ရုံ နှစ်သိန်း၊ (၈) ရွှေညောင်စက်ရုံ နှစ်သိန်း၊ (၉) ဗန်းမော်စက်ရုံ နှစ်သိန်း၊ (၁၀) သီပေါစက်ရုံ နှစ်သိန်း၊ (၁၁) နမ့်စန်စက်ရုံ နှစ်သိန်းတို့ဖြစ်ကြောင်း။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)အတွင်း ကွန်ကရစ်ဇလီဖား ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ထုတ်လုပ်နိုင်မည်

စက်ရုံများအားလုံးပြီးစီးသွားပါက တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖား ၂၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နှစ်စဉ် မြစ်ငယ်စက်ရုံမှ သုံးသိန်း၊ ပြွန်တန်ဆာစက်ရုံမှ တစ်သိန်း၊ မုတ္တမစက်ရုံမှ နှစ်သိန်း၊ ပခုက္ကူစက်ရုံမှ နှစ်သိန်း၊ ယနေ့ဖွင့်လှစ်မည့် ဥသျှစ်ပင်စက်ရုံမှ နှစ်သိန်း စုစုပေါင်း စက်ရုံငါးရုံမှ ကွန်ကရစ်ဇလီဖားတုံးရေ ၁၀သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့အခမ်းအနားသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဥသျှစ်ပင်မြို့၌ တည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း စမ်းသပ်လည်ပတ်ထုတ်လုပ်နိုင်၍ ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တည်ဆောက်ချိန် နှစ်နှစ်ကြာမြင့်ခဲ့ကြောင်း၊ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)၏ အကျယ်အဝန်း ဧရိယာမှာ ၁၅ ဒသမ ၀၉ ဧကဖြစ်ကြောင်း၊ စက်ရုံမှ တစ်ရက်ပျမ်းမျှ ကွန်ကရစ်ဇလီဖားတုံး ၆၀၀၊ တစ်နှစ်လျှင် နှစ်သိန်း ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ပြောကြားသွားသည်။



ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ဖွင့်ပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ စက်ရုံဥပစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## များစွာအကျိုးရှိ

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားရာတွင် ဥသျှစ်ပင်ဒေသတွင် ဤစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်များရရှိလာမည်ဖြစ်ရာ မိသားစုအကျိုး၊ မြို့နယ်အကျိုး၊ နိုင်ငံ့အကျိုးကို ကျရာအခန်းကဏ္ဍက မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီးသည် ပဲခူးရိုးမကြောင့် အရှေ့နှင့်အနောက် အတားအဆီးသဖွယ် ပိုင်းခြားနေကြောင်း၊ ယင်းပဲခူးရိုးမကို ဖြတ်ကျော်ပြီး အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်မည့် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူကားလမ်းကို ထပ်မံဖောက်လုပ်ပေးခဲ့ပြီး ရထားလမ်းအနေဖြင့် ဖောက်လုပ်နေသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ ယမန်နေ့က ယင်းရထားလမ်းမကြီး၏ ပထမဆုံးခြေလှမ်း အစိတ်အပိုင်းဖြစ်သည့် အရှည်မိုင် ၂၀ ရှိ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးတံတားများကို ဖောက်လုပ်တည်ဆောက်ဆောင်ရွက်ခဲ့ရာ ကားလမ်းအနေဖြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံပြီး ရထားလမ်းအနေဖြင့် ရှိပြီးသား ပုသိမ်-ကြံခင်း ရထားလမ်းမှ ပခုက္ကူအထိ ရောက်ရှိနိုင်မည့် ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းကြီးကိုလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အပိုင်းလိုက် တာဝန်ယူဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဟင်္သာတမှ ညောင်တုန်းအထိ ရထားလမ်းများဖောက်လုပ်လျက်ရှိကြောင်း၊ ကွန်ကရစ်ဇလီဖားသည် ရထားလမ်းအတွက် နှစ်အတော်ကြာ အသုံးပြုနိုင်သည့်အတွက် နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) ဖွင့်လှစ်နိုင်ခြင်းဖြင့် ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားများကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း- ပခုက္ကူ ရထားလမ်း၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း၊ ပုသိမ်-လှိုင်သာယာ ရထားလမ်းစီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တစ်ချက်တည်းကျင်းဝင်

*ရန်ကုန် ဩဂုတ် ၂၃*

*ရန်ကုန်ဂေါက်အသင်း (တည်းကုန်း)၌ ဦးအေးဆောင်သည် ဩဂုတ် ၂၀ရက်က ကစားဖော်များဖြစ်ကြသော ဦးမင်းသိန်း၊ ဦးကျော်စိုးဝင်း၊ ဦးတင်အောင်လင်း၊ ဦးသိန်းစိုး၊ ဦးအောင်လှဟန်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၁၌ ၁၆၂ ကိုက်အကွာမှ **Pro V 1, No. 4 (Titleist)** ဘောလုံးကို **No.9 Srixon (601)** တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။*

*အလားတူ ဩဂုတ် ၂၁ ရက်ကလည်း ဦးတင်စိန်သည် ကစားဖော်များဖြစ်ကြသော ဦးအောင်မြတ်၊ ဦးမောင်မောင်မြင့် **(K.M)**တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၁၌ ၁၆၂ ကိုက် အကွာမှ **Srixon (No-1)** ဘောလုံးကို **Tarlor Made Iron-7** တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရသည်။*

*(ရန်ကုန်ဂေါက်အသင်း)*



ဩဂုတ် ၉ ရက်က နမ့်ခမ်းမြို့နယ် ဒေါနလမ်းအား ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းတူးဖော်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးထွန်းကြွယ်က ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ရေတ်သီးညှော်နံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၁၃၀ ရှိ တိုက်တစ်တိုက်၏ ပထမထပ်၌ ကြက်သွန်၊ ငရုတ်သီးများကြော်လှော်ခြင်းကို ပြုလုပ်နေပါသဖြင့် အခြားအခန်းများဆီသို့ အညှော်နံ့များရောက်ရှိနေခြင်းကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်ကိုပါ စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အညှော်နံ့မခံနိုင်သူ**

### စည်းကမ်းမဲ့လမ်းဘေးဈေးသည်များ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ဘိုကလေးမြို့ မြို့မ(၅)ရပ်ကွက် ကမ်းနားလမ်းရှိ မြို့မစည်ပင်သာယာဈေးကြီး ရေကန်ပတ်ဝန်းကျင်နှင့် သောက်ရေအိုးစင်ပတ်ဝန်းကျင်မှ လမ်းဘေး ကွမ်းရောင်းသူများသည် ၎င်းတို့အား တရားဝင်သတ်မှတ်ပေးသော နေရာမဟုတ်ဘဲ ရောင်းချနေပါသဖြင့် ရေကန်နှင့် သောက်ရေအိုးစင်သန့်ရှင်းရေးအတွက် ၎င်းတို့အား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးသူ/ဈေးသားများ**

### သားသတ်လုပ်ငန်း ပြောင်းရွှေ့ပေးစေလို

**စာတည်းခင်ဗျား-**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ယောက်သွားအင်းအုပ်စု ကြံဖိုစုကျေးရွာနှင့် လက်ပန်ခါးလှကျေးရွာကြားရှိ နွားသတ်ခြံမှ နွားအော်သံ၊ ဆိတ်အော်သံနှင့် အနံ့ဆိုးများကို ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ နေ့စဉ်ခံစားနေရပါသဖြင့် ၎င်းသားသတ်လုပ်ငန်းကို သင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ကြံဖိုစုရွာသား**

### အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ (၄) ထိန်ကုန်းရပ် မူလတန်းကျောင်းအနီး ချောင်းနံဘေးရှိ နေအိမ်တစ်အိမ်၏ ခြံဝင်းအတွင်း ငါး ငါးပိလုပ်ငန်းမှ အနံ့ဆိုးများ နေ့စဉ်နှင့်အမျှ ပတ်ဝန်းကျင်သို့ လွင့်ပျံ့နေသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေးထိခိုက်ရပါသောကြောင့် ထိုငါး ငါးပိလုပ်ငန်းကို သင့်လျော်ရာသို့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူ**

### အညစ်အကြေးနံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းရှင့်-**

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် နယ်မြေ(၉) နယ်မြေအတွင်းတွင် ဝက်သတ်ရုံ(သားသတ်)လုပ်ငန်းများ များပြားလာပြီး ၎င်းလုပ်ငန်းမှ အနံ့ဆိုးများ မခံနိုင်ခြင်း၊ တစ်ညလုံး မီးစက်(စက်ကြီး)များ နားမခံနိုင်အောင် မောင်းထားခြင်း၊ သားသတ်ထားသော အညစ်အကြေးများ စည်းကမ်းမရှိ လွှင့်ပစ်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် ဝက်သတ်ရုံကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူ**

### သစ်စက်အင်ဂျင်စက်သံဆူညံမှု ဆောင်ရွက်ပြီးဖြစ်

၂၁-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သစ်စက်နှစ်စက်မှ အင်ဂျင်စက်သံဆူညံသံများ၊ သစ်အမှုန်များကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ၂၁-၇-၂၀၁၀ရက်တွင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

### ရေဆိုးနှင့် အညှော်နံ့ဆိုးများ ဆောင်ရွက်ပြီးစီး

၅-၇-၂၀၁၀ရက်ထုတ်နှင့် ၁၅-၇-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကျိုက်လတ်မြို့ အမှတ် (၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းရှိ ဂက်(စ်) ဓာတ်ငွေ့သုံး စပါးခွဲစက် လည်ပတ်ရာမှထွက်ရှိသော ရေဆိုးနှင့် ညှော်နံ့ဆိုးကြောင့် ပတ်ဝန်းကျင်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများ၏ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၂၈-၆-၂၀၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **သရက်မြို့ ဈေးရပ်သံကြိုးလမ်းဘေးရှိ ယခင်အုတ်ရေမြောင်းလမ်း ရေစီးရေလာ မကောင်းသဖြင့် လမ်းအတွင်းနေသူများ ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**

## ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၃

ကချင်ပြည်နယ် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်၁၃ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ကျောင်းကျန်းမာရေးစံပြဆုရကျောင်းများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကြည့်ရှုစစ်ဆေး**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ကျောင်းကျန်းမာရေးပြခန်းများ၊ မူကြိုကလေးငယ်များအား အာဟာရကျွေးမွေးနေမှုနှင့် ကျောင်းဆောင်များအတွင်း ခြင်ဆေးဖျန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကျောက်ဆည်၊ ပလိပ်နှင့် ရမည်းသင်းမြို့တို့ရှိ စက်ရုံများ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ်၂၁ရက် နံနက် ၁၀ နာရီခွဲက ကျောက်ဆည်မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ပစ္စည်းများရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။**

ထိုမှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ပလိပ်ချည်မျှင်၊ အထည်နှင့်အချောကိုင် စက်ရုံသို့ရောက်ရှိပြီး စက်သစ်များတပ်ဆင်ထားရှိမှုနှင့် ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ တိုင်ချည်ရှည်စက်၊ ချည်ကတော့စက်၊ ရက်ဖောက်စက်၊ ရက်ကန်းစက်များ၏ ကုန်ထုတ်လုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံ၏ ကေဗိဝငွေချည်(၆) မိုးဝါများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဩဂုတ် ၂၂ရက် နံနက်ပိုင်းက ရမည်းသင်းမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်းအထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး ကုန်ကြမ်းချည်လုံးများ၊ စက်ရုံမှ ထုတ်လုပ်သော ဆေးဆိုးပန်းရိုက်အထည်များနှင့် စက်များ၏ ကုန်ထုတ်လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း)သို့ ရောက်ရှိပြီး ဆပ်ပြာအမျိုးမျိုး၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှုရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## စာအုပ် စာပေ လှူမိတ်ဆွေ



## စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ တွံတေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကဘင်ကြီးအုပ်စု ဘီခိုကျေးရွာ သုတပညာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံမြအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က သတ်မှတ်စံ(၅)ရပ်နှင့်ညီပြီး စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးကို ဆွေးနွေးသည်။

**လှူဒါန်း**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတရသ စာအုပ်စာစောင် ၁၅၀၊ လက်ထောက် ပညာရေးမှူး ဦးမျိုးညွန့်က ဒို့ကျေးရွာစာစောင် ၂၄စောင်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ခြောက်လစာအတွက် သတင်းစာ ၁၈၀၊ ကျေးရွာရပ်မိရပ်ဖ ဦးကျော်ကြီးက ကျေးရွာစာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

**(မြို့နယ် ပြန်/ဆက်)**



အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးသာယာလှပရေးနှင့် ရေစီးရေလာကောင်းရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဩဂုတ် ၅ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## နမ့်စန်မြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်

**နမ့်စန် ဩဂုတ် ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၈ရက် ညနေ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မြင့်က အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်ဘောလုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်ဆန်းက အားကစားစည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဘောလုံးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌတို့က ယှဉ်ပြိုင်မည့် ဘောလုံးအသင်းများကို လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်အသင်း၁၆ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ဖွင့်ပွဲတွင် အမှတ်(၁)ရပ်ကွက် (က) ဘောလုံးအသင်းနှင့် အမှတ်(၄)ရပ်ကွက် (က)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြသည်။ **(၁၈၉)**



## သဘာဝဘေးသတင်းပဒေသာ

မြင့်မောင်စိုး-စုစည်းသည်

### တရုတ်ရေကြီးမြေပြိုမှု လူ၁၄၀၀ကျော် သေဆုံးခဲ့ရ

ဂန်ဆု ဩဂုတ် ၂၃

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ်အနောက်မြောက်ပိုင်း ကျို့ကျူဒေသ၌ ရေကြီးမြေပြိုမှု အကြီးအကျယ်ဖြစ်ပွားခဲ့သဖြင့် ဩဂုတ် ၂၂ ရက်အထိ သေဆုံးသူ ၁၄၃၅ဦးရှိပြီး ၃၃၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။ **(အောက်ပုံ)** **အမ်အင်န်အေ၊ ဆင်ဟွာ**



### အတ္တလန္တိတ်၌ ဒန်နီလီမုန်တိုင်းဖြစ်ပေါ်နေ

မီယာမီ ဩဂုတ် ၂၃

အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင်ဖြစ်ပေါ်နေသော ဒန်နီလီအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဩဂုတ် ၂၄ ရက် ညပိုင်း၌ ဟာရီကိန်းအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ကြေညာသည်။

အဆိုပါမုန်တိုင်းသည် ၂၀၁၀ ခုနှစ် အတ္တလန္တိတ် ဟာရီကိန်းရာသီတွင် စတုတ္ထမြောက် ဟာရီကိန်းဖြစ်ပြီး ကိတ်ဗာဒီကျွန်းတောင်ဘက် ၇၂၅ မိုင်အကွာ၌ တည်ရှိနေသည်။ အနောက်မြောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားလျက်ရှိသည်။

အမ်အင်န်အေ၊ ရိုက်တာ

### ဖရန့်စ်မုန်တိုင်း မက္ကဆီကိုဝင်ရောက်ဖွယ်

မက္ကဆီကို ဩဂုတ် ၂၃

မက္ကဆီကို အနောက်တောင်ကမ်းလွန်တွင် ဩဂုတ် ၂၃ ရက်က ဖရန့်စ်မုန်တိုင်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဩဂုတ် ၂၄ ရက်တွင် ဟာရီကိန်းအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း အမေရိကန် မိုးလေဝသဌာနက ပြောကြားသည်။

**ဝင်ရောက်နိုင်**

အဆိုပါမုန်တိုင်းသည် တစ်နာရီ ၄၅ မိုင်နှုန်းဖြင့် တိုက်ခတ်လျက်ရှိရာ မက္ကဆီကို အနောက်တောင်ကမ်းခြေတစ်လျှောက် ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

### တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၌ ရေကြီးမှု လူပေါင်း ၂၅၃၀၀၀ကျော် ပြောင်းရွှေ့ပေးခဲ့ရ

ရှန်ရန်း ဩဂုတ် ၂၃

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လူပေါင်း ၂၅၃၅၀၀ အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပြောင်းရွှေ့**

အဆိုပါရာထောင်ချီသော ဒေသခံများအား ဩဂုတ် ၂၁ရက်နှောင်းပိုင်းမှ ၂၂ရက်အထိ ၂၄ နာရီအတွင်း ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း၊ ဒန်ဒေါင်းမြို့၌ ရေကြီးမှုကြောင့် လေးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။

ယင်းမြို့နှင့် မျက်နှာချင်းဆိုင်တွင်ရှိနေသော မြောက်ကိုရီးယားနိုင်ငံ၌လည်း ယာလု မြစ်ရေလျှံခဲ့သဖြင့် လူပေါင်း ၅၀၀၀ ကျော်အား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ အမ်အင်န်အေ၊ ဆင်ဟွာ

### ပါကစ္စတန်ရေဘေးလှူဒါန်းငွေ စုစုပေါင်းဒေါ်လာသန်း ၈၀၀ ကျော်ရရှိထား

အစ္စလမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ၌ ကြုံတွေ့နေရသော ရေကြီးမှုသဘာဝဘေးအန္တရာယ်ဒုက္ခသည်များအားကူညီရန် လှူဒါန်းပြီး သို့မဟုတ် ကတိပြုထားသည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်ရှိသည်။

ယင်းတို့အနက် အမေရိကန်က ၁၀၂ သန်း၊ ဆော်ဒီအာရေဗျ ၆၅ ဒသမ ၃ သန်း၊ ဗြိတိန် ၆၄ ဒသမ ၇၆ သန်း၊ ဥရောပကော်မရှင် ၅၄ ဒသမ ၁၅ သန်း၊ ဩစတြေးလျ ၃၁ဒသမ၆၂ သန်း၊ ကုလသမဂ္ဂအရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေအဖွဲ့က ၁၆ ဒသမ ၆၀ သန်း၊ နော်ဝေ ၁၄ ဒသမ ၈၁ သန်း၊ ဂျပန် ၁၄ ဒသမ ၄၄ သန်း၊ ဂျာမနီ ၁၂ ဒသမ ၄၄ သန်း၊ တူရကီ ၁၁ ဒသမ ၇၇ သန်း၊ ဒိန်းမတ် ၁၁ ဒသမ ၇၄ သန်း၊ ဆွီဒင် ၉ ဒသမ ၉၈ သန်း၊ တရုတ် ၉ ဒသမ ၂၆ သန်း၊ ဖင်လန် ၅ ဒသမ ၇၇ သန်းနှင့် စပိန်က ၅ ဒသမ ၅၁ သန်း ပါဝင်လှူဒါန်းထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

## ပထမအကျော့ရှုံးကြွေးကိုဆပ်ခဲ့တဲ့ မနောမြေ

**သတင်းမြင့်ကွင်းနှင့်ဓာတ်ပုံ ဖိုးသော်ဇင် / စာမျက်နှာဖွဲ့စည်းမှု လှိုင်လှိုင်သင်း(မြန်မာ့အလင်း)**

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယ အကျော့ပွဲစဉ် (၁၃) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မနောမြေအသင်းက ဥဿာ ယူနိုက်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

**မနောမြေ - နှစ်ဂိုး။**
**ဥဿာယူနိုက်တက် - တစ်ဂိုး။**

မနောမြေအသင်းဟာ ပထမပိုင်းကတည်းက ဥဿာဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပွဲချိန် ၄၉ မိနစ်မှာတော့ မနောမြေ ဂိုးစရခဲ့ပါတယ်။ ဥဿာ နောက်တန်းလူ ကျွံဘောဖမ်းတာကို အခွင့်ကောင်းယူပြီး ကျော်မျိုးဝင်းက သွင်းယူခဲ့တာဖြစ်ပါတယ်။ မနောမြေအသင်းဟာ ပွဲချိန်၇၆ မိနစ်မှာ ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အသင်းခေါင်းဆောင် ဝင်းဇော်အောင်က အမှားအယွင်းမရှိ ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။

**ရည်မှန်းချက်**

ဥဿာအတွက် နှစ်သိမ့်ဂိုး တစ်ဂိုးကိုတော့ ပွဲချိန်၈၄ မိနစ်မှာ ထွန်းမင်းဦးက သွင်းယူပေးခဲ့ပါတယ်။ နှစ်ပွဲဆက်ရှုံးပွဲတွေ့ခဲ့လို့ ဥဿာအသင်းရဲ့ အဆင့်(၅)အတွင်း ဝင်ရေးရည်မှန်းချက်တွေ ဝေးသွားခဲ့ရပါတယ်။ **(မြန်မာ့အလင်း)**



ဥဿာတိုက်စစ်မှူး ထွန်းမင်းဦး၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို မနောမြေ ဂိုးသမား မိုင်ထွယ်အောင် ကာကွယ်စဉ်။

### ပွဲစဉ်(၁၃)အပြီး အသင်းများ၏ ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | ရတနာပုံ | ၁၂ | ၈ | ၃ | ၁ | ၂၇ | ၉ | ၂၇ |
| ၂ | ကမ္ဘောဇ | ၁၂ | ၈ | ၂ | ၂ | ၁၇ | ၆ | ၂၆ |
| ၃ | ဇေယျာရွှေမြေ | ၁၂ | ၇ | ၄ | ၁ | ၂၃ | ၁၀ | ၂၅ |
| ၄ | ရန်ကုန်ယူနိုက်တက် | ၁၁ | ၆ | ၃ | ၂ | ၂၃ | ၆ | ၂၁ |
| ၅ | ဆောက်သမ်း | ၁၂ | ၆ | ၂ | ၄ | ၂၆ | ၁၉ | ၂၀ |
| ၆ | မကွေး | ၁၁ | ၆ | ၂ | ၃ | ၂၁ | ၂၀ | ၂၀ |
| ၇ | ဒယ်လ်တာယူနိုက်တက် | ၁၂ | ၄ | ၂ | ၆ | ၁၆ | ၂၀ | ၁၄ |
| ၈ | ဥဿာယူနိုက်တက် | ၁၂ | ၄ | ၂ | ၆ | ၁၃ | ၁၇ | ၁၄ |
| ၉ | မနောမြေ | ၁၂ | ၄ | ၁ | ၇ | ၁၇ | ၂၂ | ၁၃ |
| ၁၀ | နေပြည်တော် | ၁၂ | ၁ | ၁ | ၁၀ | ၁၃ | ၂၂ | ၄ |
| ၁၁ | ဇွဲကပင်ယူနိုက်တက် | ၁၂ | - | - | ၁၂ | ၂ | ၄၀ | - |

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ကက)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သစ်တောရေးရာဝန်ကြီးဌာန အသင်းကို သုံးဂိုး- ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်းဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌(ကက) အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ယှဉ်ပြိုင်ကစား**

ဩဂုတ် ၂၄ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (ခခ) အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ဘိန်းခင်း ၂၀၃၈၇ဒသမ ၀၄ ဧက နိုင်ငံတစ်ဝန်း ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၃

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၀၉ခုနှစ် စက်တင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဩဂုတ် ၁၃ရက်အထိ ဘိန်းခင်း ၂၀၃၈၄ ဒသမ ၀၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် ဩဂုတ် ၁၄ရက်မှ ၂၀ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် နောင်တောင်းကျေးရွာအနီး၌ ဘိန်းခင်းသုံးဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ ၂၀၃၈၇ဒသမ ၀၄ဧကဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ကျောက်ချော လမ်းခင်း

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်သီရိ(က) လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။**

(သတင်းစဉ်)



### သံတောင်ကြီးမြို့နယ်၌သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၂၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သပြေကုန်းကျေးရွာနေ ဦးစိန်မြသည် ဩဂုတ် ၂၀ရက် မွန်းလွဲပိုင်းတွင် သပြေညွန့်ကျေးရွာမှ မုတ္တိညောင်ကျေးရွာသို့ ငါးရှာသွားစဉ် သပြေညွန့်ကျေးရွာနှင့် ရှစ်မိုင်ခန့်အကွာ၌သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းဟောင်းတစ်လုံး နင်းမိခဲ့သဖြင့် ယာခြေချင်းဝတ် အထက်ပြတ်ဒဏ်ရာရရှိခဲ့သောကြောင့် တောင်ငူမြို့နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း၊ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးသေဆုံးပြီး အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



### ပါကစ္စတန်တောင်ပိုင်း၌ ရေကြီးမှုဖြစ်ပွားသည့်မြို့များ တိုးလာ

ဆွတ်ကာ ဩဂုတ် ၂၃

ပါကစ္စတန်တောင်ပိုင်း အင်ဒုဇ်မြစ်ရေကြီးမှု ကျယ်ပြန့်လာသဖြင့် ရေကြီးမှုဖြစ်ပွားရာမြို့သစ်များတိုးလာနေကြောင်း၊ လူပေါင်း ၁၅၀၀၀၀ခန့် ဘေးကင်းရာသို့ ထွက်ပြေးခဲ့ကြရကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဩဂုတ် ၂၃ရက်တွင် ပြောကြားသည်။

**ရေဘေးကြုံ**

အဆိုပါ ရေကြီးမှု ဧရိယာကျယ်ပြန့်လာသဖြင့် မြို့ပေါင်း ဒါဇင်ချီပြီး ရေလွှမ်းလျက်ရှိကြောင်း၊ ကျေးရွာများ၌ ရေဘေးကြုံရမှု ဆိုးရွားစွာ ရင်ဆိုင်နေကြရကြောင်း **(ဝဲပုံ)** ၄င်းက ပြောကြားသည်။

**ရင်ဆိုင်**

အဆိုပါရေကြီးမှုသည် မိုးသည်းထန်စွာရွာသွန်းခဲ့မှုနှင့် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေ၍ အလွန်ဆိုးရွားစွာ ရင်ဆိုင်နေကြရသည်။

တစ်လကြာ ရေကြီးမှုဖြစ်ပွားခဲ့စဉ်အတွင်း ဆင်းပြည်နယ်၌ ရေဘေးဒုက္ခသည် လူပေါင်း ၆၀၀၀၀၀တို့မှာ အမိုးအကာတဲများဖြင့် နေထိုင်ရလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**







# ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တွံ့ဖက်မြို့နယ်တရားမရုံး၌
## ၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၃

ဒေါ်ချစ်ဝေ နှင့် ဦးတင်ညွန့်ပါ-၂၀ဦး

**တရားလို** **တရားပြိုင်များ**

(၁) ဦးစံမင်း(အမရပူရမြို့)၊ (၂) ဦးကျော်မင်းလွင် (နန်းတော်ရာစံပြကွက်သစ်၊ အမရပူရမြို့)၊ (၃) ဦးဌေးညွန့်(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၄) ဦးစိန်သန်း(အမရပူရမြို့)၊ (၅) မခင်လှိုင် (ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၆) မခိုင်(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့) (၇) မောင်သန်း(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၈) မောင်ဆန်း(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၉) မမြင့်မြင့်အေး(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၁၀) မမြင့်မြင့်ထွေး(ရေနံ့သာကျေးရွာ၊ မတ္တရာမြို့)၊ (၁၁) မအေးမိစံ(မန ၅၄×၁၆၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး)၊ (၁၂) မချမ်းချမ်း(မကွေးမြို့)၊ (၁၃) မဖြိုးဖြိုး(မကွေးမြို့)၊ (၁၄) မနန်းနန်း(မိုးကောင်းမြို့) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ချစ်ဝေက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် စက်တင်ဘာ ၁၆ရက် (၁၃၇၂ခုနှစ် တော်သလင်းလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**ဒေါ်နိုင်နိုင်မော် (တ/၂၀၈၃)**
**တွံ့ဖက်မြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး။**

**(၃၉)အထူး၊ (၂၁၀)အထူး**

**Bus Car များရောင်းမည်။**

ဖုန်း-၀၉-၈၀၂၄၅၂၈၊ ၀၉-၈၆၂၈၂၉၉၊ ၇၃၀၂၈၈၀၆။




**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အမည်ပြောင်း**
အဖ ဦးသီဟထွန်း၏သမီး တောင်ငူမြို့ အလက(၂) ဒုတိယတန်း(A)မှ မဖူးပွင့်သီအား မမေဆက်ပိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မမေဆက်ပိုင်(တောင်ငူ)။**



တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဩဂုတ် ၅ရက်က ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု အခြေအနေကို စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ဩဂုတ်၁၆ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော လမ်းအမည်ဆိုင်းဘုတ်ပြုလုပ်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာဦးကျော်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



# ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
## စဉ့်ကူးမြို့နယ်၌ ကျင်းပ

**စဉ့်ကူး ဩဂုတ် ၂၂**

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၅ရက် နံနက် ၈နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ပျိုးပင်များကို ပေးအပ်ကြသည်။

**စိုက်ပျိုး**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ စုစုပေါင်းအင်အား ၅၀၀ကျော်တို့က ခရေ၊ ယင်းမာ၊ ယူကလစ်၊ ကျွန်းနှင့် ရေတမာ စုစုပေါင်းအပင် ၁၅၀၀ကို စိုက်ပျိုးကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းအတွက် ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# ရသေ့တောင်မြို့နယ် ဆန်စပါးအသင်းဖွဲ့စည်း

**ရသေ့တောင် ဩဂုတ် ၁၈**

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၈ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာထွက်ကုန်တာဝန်ခံ ဦးကျော်စိန်ဝင်းက ဖွဲ့စည်းပုံနည်းစနစ်တို့ကို ရှင်းလင်းပြောကြားသည်။

**ဖွဲ့စည်း**

ထို့နောက် ရသေ့တောင်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်းကို ဦးထွန်းမြ (ဥက္ကဋ္ဌ)၊ ဦးလှမြင့် (ဒုတိယဥက္ကဋ္ဌ)၊ ဦးအောင်ကျော်စိန် (ဒုတိယဥက္ကဋ္ဌ)၊ ဦးသန်းမြ(အတွင်းရေးမှူး)၊ ဦးမောင်မောင်သန်း (တွဲဖက်အတွင်းရေးမှူး)၊ ဦးကျော်ရင် (ဘဏ္ဍာရေးမှူး)၊ ဦးစံရွှေမောင် (စာရင်းစစ်)နှင့် အမှုဆောင်ရှစ်ဦး စုစုပေါင်း ၁၅ဦးတို့အား မဲစာရင်းဖြင့် ဖွဲ့စည်းကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဦးမြို့နယ်အသင်း (ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၇ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယက ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)က အမှာစကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးမြက ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။ ထို့နောက် အသင်းသား အသင်းသူများက အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အတည်ပြုကြပြီး အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# မြို့နယ်သတင်း ထွေတလာ

# တစ်ရွာတစ်ဧက ကျေးရွာပိုင်စိုက်ခင်း
## ရွှေတောင်မြို့နယ်၌ စိုက်ပျိုး

**ရွှေတောင် ဩဂုတ် ၂၁**

ပြည်ခရိုင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန၏ ကျေးလက်အိမ်ရာထူထောင်ရေးစီမံချက် ကျေးရွာပိုင်စိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးခြင်းကို ရွှေတောင်မြို့နယ် ဇယ်မအုပ်စု စိုက်ပျိုးရေး ရွာသစ်ကျေးရွာတွင် ဇူလိုင် ၂၈ရက် နံနက် ၉နာရီက ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုနှင့် ဝန်ထမ်းများ၊ ဇယ်မကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသံဒိုင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များနှင့် ရွာသူရွာသားများက သစ်မာ၊ ယူကလစ် အပင်ပေါင်း ၁၂၀၀ စိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ နယ်ခြားစောင့်တပ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား တရားဝင် လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေးဖွဲ့စည်းမှု အစီအစဉ်များအရ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၏ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ ဩဂုတ် ၂၁ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၁၈ရက်တွင် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်ကလည်းကောင်း၊ ဩဂုတ် ၂၁ရက်တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကလည်းကောင်း၊ ယနေ့တွင် ချင်းတိုးတက်ရေးပါတီတို့ကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြကြသည်။

### ပါတီဝင်အင်အားစာရင်းတင်ပြ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၁)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၂၅)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### မြန်မာ့အလင်း သတင်းအညွှန်း

'တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖားတုံးနှစ်သိန်း ထုတ်လုပ်နိုင်မည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်) ဖွင့်လှစ်' သတင်းကို စာမျက်နှာ(၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

### မိုးရွာသွန်းလေသမျှ

၂၃-၈-၂၀၁၀

| | |
|---|---|
| နေပြည်တော်(လေဆိပ်) | ၀ ဒသမ ၉၅ လက်မ |
| ဘီးလင်းမြို့ | ၃ ဒသမ ၂၃ လက်မ |
| သိမ်ဇရပ်မြို့ | ၃ ဒသမ ၁၉ လက်မ |
| မြိတ်မြို့ | ၂ ဒသမ ၇၂ လက်မ |
| ပခုက္ကူမြို့ | ၂ ဒသမ ၄၈ လက်မ |
| ကော့သောင်းမြို့ | ၂ ဒသမ ၄၀ လက်မ |

24-8 (20).pmd 1 8/24/2010, 2:09 AM